မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၆]

ဝိရိယနှင့် ဆန္ဒအကျိုး

ဝိရိယဝတော ကိ သာမ ကမ္မံ နာ သိဒ္ဓေတိ။

ဝိရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိ သာမ ကမ္မံ နာ သိဒ္ဓေတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားအားလုံး လက်တွဲကြိုးပမ်း

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၄၁)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ကျရောက်သော (၄၁) ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပေးပြီးနောက် ရခိုင်ပြည်နယ်နေ့ကို ရွေးချယ်သတ်မှတ်ရာ၌ ပထမအကြိမ် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၁) ကြိမ် ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် သဘာဝပထဝီအနေအထားအရ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ရခိုင်ရိုးမတောင်တန်းတို့ကို ပိုင်ဆိုင်သည့်အပြင် မြေဩဇာကောင်းမွန်သောလယ်ယာမြေများရှိသည့်အတွက် ဆန်ရေစပါး၊ သားငါးနှင့် သဘာဝသယံဇာတပေါကြွယ်ဝပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပြည်နယ်တစ်ခုဖြစ်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းရေယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်လည်း အကျိုးကျေးဇူးများရရှိမည်

ဗန်ကောက် ဒီဇင်ဘာ ၁၄

ပဋ္ဌမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် St. Regis Hotel ၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆွန်ကစ်ဂျာတုဆရီပီတက် ဦးဆောင်သည့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)အား သတ်မှတ်ကာလအတွင်းပြီးစီးအောင်တည်ဆောက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ အစုရှယ်ယာဈေးကွက်ကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် ဆောလျင်စွာ အကောင်အထည်ဖော်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၃ ကော်လံ ၁ ●



မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစုရှယ်ယာရှင်များ သဘောတူညီချက်နှင့် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှု

လူတို့အနေဖြင့် နာမကျန်းဖြစ်ပြီဆိုလျှင် နောက်ဆုံးအားထားရာနေရာသည် ဆေးရုံကြီးများဖြစ်ပါသည်။ ငွေကြေးတတ်နိုင်သူများက တတ်နိုင်သည့်အလျှောက် ပုဂ္ဂလိကဆေးရုံများကို အားကိုးကြသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်ကုသသူများလည်းရှိသည်။ သို့သော် အခြေခံလူတန်းစားနှင့် လူလတ်တန်းစားအများစုမှာမူ အစိုးရပြည်သူ့ဆေးရုံကြီးများကိုသာ အားထားနေကြရသည်။ ဤသို့ဆေးကုသသည့်နေရာများ လူတန်းစားအလိုက် ကွဲပြားခြားနားနေရခြင်း၏ အဓိကအကြောင်းအရင်းမှာ ထိရောက်စွာ ကုသနိုင်မှုနှင့် ဝန်ဆောင်မှုတို့ကြောင့် ဖြစ်ပါသည်။

ဝန်ဆောင်မှုကောင်းသော ဆေးရုံဟုဆိုရာတွင် လူနာများအား စေတနာအပြည့်အဝထားရှိခြင်း၊ ထိရောက်သော ကုသမှုပေးနိုင်ခြင်း၊ သန့်ရှင်းသောနေရာအခင်းအကျင်းများ ထားရှိပေးခြင်း၊ အထူးကုဆရာဝန်၊ သူနာပြုများဖြင့် အဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ဆေးဝါးနှင့် ကုသစရိတ်များ ကုန်ကျမှု အနည်းဆုံးဖြစ်ခြင်း၊ ပျူဂှာသော ဆက်ဆံရေးကောင်းမွန်ခြင်းစသော အကြောင်းတရားများသည် မရှိမဖြစ်လိုအပ်မည် ဖြစ်ပါသည်။ ယခုအခါ အစိုးရပြည်သူ့ဆေးရုံကြီးများသည် ကျန်းမာရေး ဘတ်ဂျက်များ တစ်နှစ်ထက်တစ်နှစ်တိုးလာသည့်အလျောက် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးလာနိုင်သည်ကို တွေ့ရပေသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ရန်ကုန်မြို့နေပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်ပြည်သူများ၏ အဓိကအားထားရာဆေးရုံကြီး ဖြစ်ပါသည်။ ယခုအခါရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် အဆင့်မြှင့်တင် ဖြည့်ဆည်းပေးလျက်ရှိရာ လက်ရှိခုတင် ၁၅၀၀ဆံ့မှ ၂၀၀၀ ဆံ့ဆေးရုံကြီးအဖြစ်သို့ အဆင့်တိုးမြှင့်သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသဆောင်များ တိုးချဲ့ဆောက်လုပ်နေသကဲ့သို့ ဆေးနှင့်ဆေးပစ္စည်းဖြည့်ဆည်းပေးမှုမှာလည်း တိုးတက်လာသည့်အလျောက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း တိုးတက်လာလျက်ရှိပါသည်။ ခေတ်မီဆေးဝါးနှင့် နောက်ဆုံးပေါ် စမ်းသပ်ကုသရေးကိရိယာများ တိုးချဲ့တပ်ဆင်လာနိုင်သည်နှင့်အမျှ ထိရောက်သော ကုသမှုများ ပိုမိုဆောင်ရွက်ပေးလာနိုင်သည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

ယခုအခါရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ကျန်းမာရေး ဝန်ဆောင်မှုများ တိုးတက်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဓာတ်မှန်ရိုက်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးနေကြောင်း သိရပါသည်။ လိုအပ်သော လူနာများအတွက် ဓာတ်မှန်များကို အခမဲ့ဆောင်ရွက်ပေးနေသည့်အပြင် အခြေခံဓာတ်ခွဲစမ်းသပ်မှုအနေဖြင့်လည်း ပြင်ပလူနာများအတွက် ခုနစ်မျိုး၊ အတွင်းလူနာများအတွက် ၃၅ မျိုးနှင့် ဆေးဝါးများကိုလည်း အခမဲ့ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့အပြင်ကင်ဆာရောဂါများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်းမှာပင် ကုသပေးနိုင်အောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ယခုကဲ့သို့ပြည်သူ့ဆေးရုံကြီးများတွင် အဖြစ်များသော ကင်ဆာရောဂါ၊ သွေးတိုးနှလုံးသွေးကြောကျဉ်း၊ ကျောက်ကပ်အစရှိသော ငွေကုန်ကြေးကျများသော ရောဂါများ ထိရောက်စွာ ကုသလာနိုင်ခြင်းသည် ဝေဒနာရှင်ပြည်သူတို့အတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့ ပြည်သူ့ဆေးရုံကြီးများတွင် အဘက်ဘက်မှ ဖြည့်ဆည်းပေးလာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများလည်း တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(ဝ၁ဝ၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(ဝဝစ၇၇)
ကြော်ငြာ	-	ဝ၁-၅၄၅စ၃၄ ၊ ဝ၁- ၅၅၉၁၁စ Fax ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄စ
ဖြန့်ချိ	-	ဝ၁-၅၄၄၃၁၇၊ Fax- ဝ၁-စ၆ဝ၄၅၄၆

မန်းရွှေစက်တော် ခြေတော်ရာ ကြည်လင်ပြတ်သားစွာဖူးမြော်နိုင်ရန် ဖန်အုပ်ဆောင်းသန့်ရှင်းရေးပြုလုပ်

မကွေး ဒီဇင်ဘာ ၁၄

မန်းရွှေစက်တော် ဘုရားပွဲတော်နီးလာပြီဖြစ်သောကြောင့် ဘုရားရင်ပြင်ပေါ်တွင် ဒီဇင်ဘာလဒုတိယပတ်က ခြေတော်ရာ ကြည်လင်ပြတ်သားစွာ ဖူးမြော်နိုင်ရန်အတွက် ဖန်အုပ်ဆောင်းအား ဖွင့်လှစ်ကာ နွံများ၊ အမှိုက်များဖြင့် မှုန့်မှိုင်းမဲမှောင်နေသော ဖန်အုပ်ဆောင်းကို ရွှေတွင်းကျောင်း ဆရာတော် မြို့နယ်သံယနာယကဥက္ကဋ္ဌ ဦးသာသနနှင့် ဩဝါဒါ ဆရာတော်များ၊ ဂေါပက အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဧေယျ

အခမဲ့မျက်စိခွဲစိတ်ကုသဆောင်အတွက် အလှူငွေပေးအပ်

ဝါးခယ်မ ဒီဇင်ဘာ ၁၄

ဝါးခယ်မမြို့ မင်းပိုင်ရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက်ဝင်းအတွင်းအသစ် ဆောက်လုပ်လျက်ရှိသော အာရောဂျသာလာ အခမဲ့ မျက်စိခွဲစိတ်ကုသဆောင်ဆောက်လုပ်ရာတွင် ပြင်ဦးလွင်မြို့ အကယ်ဒမီလူမှုကူညီရေးအသင်း၏ (၄၄)ကြိမ်မြောက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကိုဒီဇင်ဘာ ၁၃ ရက်နံနက် ၈ နာရီက ကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြင်ဦးလွင်မြို့ အကယ်ဒမီလူမှုကူညီရေးအသင်းနာယကဦးစံလှနှင့်လူမှုကူညီရေးဥက္ကဋ္ဌ ဦးသက်ဦးက အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကိုမျိုးအောင်-မမြင့်မြင့်ဌေး မိသားစုကလည်း ငွေကျပ် သိန်း ၆၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ အာရောဂျသာလာ အခမဲ့မျက်စိခွဲစိတ်အမှုဆောင် ဦးမျိုးကလက်ခံယူသည်။ ရပ်ဝေးရပ်နီး မြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင်ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းလိုပါက အရှင်ခေမာစာရ ဖုန်း ၀၄၂-၆၀၄၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကျော်စိန်(ဝါးခယ်မ)

မီးဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

နမ္မတူ ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့၌ မြို့တွင်းလမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဘုရားတောင်လမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ရွှေမြင်သာကျောင်းလမ်းနှင့် သရဖီလမ်းများတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရေကန်တောင်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းလွင်နှင့်အဖွဲ့က ကြိုးကြပ်ဆောင်ရွက်လျက်ရှိကာ နမ္မတူမြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း မြို့နယ်မီးသတ်ဦးစီးဌာနမှျား ဦးဝဏ္ဏထွန်းအေးနှင့် မီးဘေးကာကွယ်တားဆီးရေး ကော်မတီများပူးပေါင်း၍ ဒီဇင်ဘာ ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

မော်လမြိုင် ဒီဇင်ဘာ ၁၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ဒုတိယပတ်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးသိန်းထိုက်နှင့်အဖွဲ့က မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများ၊ လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်လိုင်စင် ပါရှိရမည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရမ်းဗြဲ ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဦးစောထွန်းနှင့် ကျေးရွာကော်မတီဝင်များသည် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၆၀ ဒသမ ၀၀ ဖြင့် လက်ပန်အဝကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးရေးတစ်ဖက်ပိတ်ဆည်နှင့် မြစိမ်းရောင် ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းအရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဒီဇင်ဘာ ဒုတိယပတ်က သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်လှဖြူ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၅၈၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၁၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၅၈၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၆၃၀/၆၄၀ ကျပ်
အောက်တိန်း ၉၂	၆၅၀/၆၇၀ ကျပ်
အောက်တိန်း ၉၅	၇၅၀/၇၇၀ ကျပ်
ပရီမီယံဒီဇယ်	၆၆၀/၆၇၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	မန္တလေး
ဒီဇယ်	၆၇၀/၆၉၀ ကျပ်
အောက်တိန်း ၉၂	၇၂၀/၇၄၀ ကျပ်
အောက်တိန်း ၉၅	၈၄၀/၉၂၀ ကျပ်
ပရီမီယံဒီဇယ်	၇၂၀/၇၅၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀-၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၉.၀
ဥရောပ	တစ်ယူရို	၁၄၃၁.၂
စင်ကာပူ	တစ်ဒေါ်လာ	၉၂၇.၆၃
ထိုင်း	တစ်ဘတ်	၃၆.၁၈၀
အိန္ဒိယ	တစ်ရူပီး	၁၉.၄၃၁
တရုတ်	တစ်ယွမ်	၂၀၂.၀၈
မလေးရှား	တစ်ရင်းဂစ်	၃၀၆.၀၄

ခင်ရတနာ-စုစည်းသည်။

၇-၁၂-၂၀၁၅ မှ ၁၂-၁၂-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၄၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၉၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

● ရှေ့ပိုးမှ

ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့် စွမ်းအင်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ထို့နောက် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပဏ္ဍမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဥာဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆွန်ကစ်ဂျာတုဆရီပီတက် ဦးဆောင်

ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆွန်ကစ်ဂျာတုဆရီပီတက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးပွားစေသည့် စကြီတစ်ခုဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီက Memorandum of Intent ကို မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် အရွယ်အစားကြီးမားပြီး ရေနက်ဆိပ်ကမ်း၊ အဝေးပြေးလမ်း၊ အကြီးစားစက်မှုလုပ်ငန်း စသည်တို့ ပါဝင်မည်ဖြစ်သည့်အတွက် ဂျပန်လမ်းကြောင်းဖြစ်သည်နှင့် အညီ မဲခေါင်-အိန္ဒိယ စီးပွားရေးစကြီ၏ ဆက်သွယ်မှုအဖြစ်လည်း တည်ရှိနေပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း ဧရိယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ အတွက်သာမက ဒေသတွင်းနိုင်ငံ အဝေး မှတ်တမ်းအကျဉ်းချုပ်ကို တင်ပြခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့် အကောင်အထည်ဖော်ရေးအတွက် ကြိုတင်လုပ်ဆောင်မှုများ၏ အဓိကတိုးတက်မှုအခြေအနေများကို ဆွေးနွေးခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ မြန်မာနိုင်ငံသုံး ကျပ်ငွေနှင့် ထိုင်းနိုင်ငံ သုံး ဘတ်ငွေ မူဝါဒဆိုင်ရာကိစ္စရပ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ရင်းနှီးမြှုပ်နှံနိုင်ရန် ဆောင်ရွက်ပေးမည့် ပင်မကုမ္ပဏီဖြစ်သည့် Special Purpose Vehicle (SPV)၏ အစုရှယ်ယာရှင်များ သဘောတူညီချက်၌ ဂျပန်နိုင်ငံ ပါဝင်မှုနှင့် ဆဋ္ဌမအကြိမ်ပြုလုပ်မည့် ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးကျင်းပရန် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းများကို နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အစုရှယ်ယာရှင်များ သဘောတူညီချက်နှင့် မူဘောင်သဘောတူညီချက် (Shareholder Agreement and Framework Agreement) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းပေး၍ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပဏ္ဍမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ်နှင့် ဂျပန်နိုင်ငံ လူမှုအခြေခံအဆောက်အအုံ တည်ဆောက်မှု ဘဏ္ဍာရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ယိုဆူကီဝါတနာဘေးတို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။

(သတင်းစဉ်)

သည့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ပူးတွဲအဆင့်မြင့် ကော်မတီဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် မှတ်ပုံရိုက်ကြသည်။ (အပေါ်ပုံ)

လမ်းညွှန်မှုပြုခဲ့သည့်အတိုင်း ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်ရာ၌ မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင်နိုင်ငံပါဝင်လာခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု ပိုမို ထိရောက်မြန်ဆန်လာမည် ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် မဲခေါင်ဒေသတောင်ပိုင်း စီးပွားရေးစကြီကို အိန္ဒိယသမုဒ္ဒရာနှင့် ဆက်သွယ်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးများအတွက်လည်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစီအစဉ်အရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ စတုတ္ထအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ရေးဝန်ကြီး ဦးအေးမြင့်၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ်နှင့် ဂျပန်နိုင်ငံ လူမှုအခြေခံအဆောက်အအုံ တည်ဆောက်မှု ဘဏ္ဍာရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ယိုဆူကီဝါတနာဘေးတို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။

(သတင်းစဉ်)

ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဖြစ်သဖြင့် မည်သည့်အဖွဲ့အစည်းအောက်တွင်ဖြစ်စေ ပြည်သူကိုအကျိုးပြုသည့် ပြည်သူ့ဝန်ထမ်းအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ အမှတ် (၁၁) အကြီးစားစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိပြီး စက်ရုံရှိအရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်)ကို အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရာတွင် ဝန်ထမ်း၏လုပ်ငန်းဆောင်တာများ၊ အလုပ်ချိန်နှင့် အခွင့်အရေးများမှာ ပြောင်းလဲမှုရှိမည်မဟုတ်ပါကြောင်း၊ ပိုမိုကောင်းမွန်သည့် အခြေအနေဖြစ်ပေါ်လာမည်ကို မိမိယုံကြည်မိပါကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက် ငါးနှစ်တာကာလအတွင်း လွတ်လပ်စွာအဖွဲ့အစည်းများဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ သတင်းရေးသားဖော်ပြခွင့်များအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင်လည်း နောင်လာမည့် အစိုးရသစ်ကို စနစ်တကျ အာဏာလွှဲပြောင်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအပြောင်းအလဲများတွင် စနစ်တကျ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်မှုများကြောင့် ကမ္ဘာ့နိုင်ငံများမှ အုံ့ဩချီးကျူးကြပါကြောင်း၊ ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သဖြင့် မည်သည့်အဖွဲ့အစည်းလက်အောက်တွင်ဖြစ်စေ ပြည်သူကို အကျိုးပြုသည့် ပြည်သူ့ဝန်ထမ်းများအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ စာရေးဆရာမ မစန္ဒာနှင့် ဆရာသမိုင်းတံခွန်ဦးထွန်းနွယ်တို့က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အကြောင်း အသိပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

တင်စိုး(မြန်မာ့အလင်း)

လစ်ဗျားနိုင်ငံပြန်လည်ထူထောင်ရေး ကမ္ဘာ့အင်အားကြီးနိုင်ငံများ ကူညီမည်

ရောမ ဒီဇင်ဘာ ၁၄

လစ်ဗျားအစိုးရ တစ်ရပ်ထူထောင်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက တနင်္ဂနေနေ့တွင် ထောက်ခံလိုက်ပြီး အိုင်အက်စ်စစ်သွေးကြွများ ခြိမ်းခြောက်ခံနေရသည့် လစ်ဗျားနိုင်ငံအား တည်ငြိမ်မှုရရှိစေရန် စီးပွားရေးနှင့် လုံခြုံရေးအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောဆိုလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ အီတလီနိုင်ငံခြားရေးဝန်ကြီး ပေါ်လိုဂျင်တီလိုနီနှင့် ကုလသမဂ္ဂ အထူးသံတမန် မာတင်ကိုဘလာတို့က ဒီဇင်ဘာ ၁၆ ရက်တွင် လစ်ဗျားပြိုင်ဘက်အစိုးရနှစ်ရပ်အကြား လက်မှတ်ရေးထိုးကြမည့် ငြိမ်းချမ်းရေးစာချုပ်ကို ထောက်ခံအားပေးခဲ့ကြသည်။

အီတလီနိုင်ငံခြားရေးဝန်ကြီး ဂျင်တီလိုနီ(အလယ်)၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ(ဝဲ)နှင့် လစ်ဗျားဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မာတင်ကိုဘလာတို့အား ဒီဇင်ဘာ ၁၃ ရက်က ရောမမြို့၊ လစ်ဗျားအစည်းအဝေး၌ တွေ့ရစဉ်။

အီတလီ၊ ဂျာမနီ၊ ရုရှား၊ တူရကီနှင့် တရုတ်တို့အပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များက ချက်ချင်းအပစ်အခတ်ရပ်စဲရန် ဆော်သြသည့် ပူးတွဲကြေညာချက်ထုတ်ပြန်လိုက်ပြီး အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးခြင်း မရှိသော အဖွဲ့များနှင့် ဆက်သွယ်မှုဖြတ်တောက်ရန် ကတိပြုခဲ့ကြသည်။

ရောမမြို့၌ ကျင်းပသော အဆိုပါ အစည်းအဝေးသို့ မတူညီသော အုပ်စုအသီးသီးမှ လစ်ဗျားကိုယ်စားလှယ် ၁၅ ဦးလည်း တက်ရောက်ခဲ့သည်။ ညီညွတ်သော လစ်ဗျားအစိုးရသည် အိုင်အက်စ်ခြိမ်းခြောက်မှုမှ ကာကွယ်ရန် လိုအပ်ကြောင်း အဆိုပါ အစည်းအဝေးပူးတွဲသဘာပတိများ ဖြစ်ကြသော ဂျွန်ကယ်ရီနှင့် ဂျင်တီလိုနီတို့က ယုံကြည်ထားသည်။ **(ရိုက်တာ)**

ဆော်ဒီရွေးကောက်ပွဲများတွင် အမျိုးသမီး ၁၀၀၀နီးပါး ပါဝင်လာခြင်းကို အမေရိကန်ချီးကျူး

ဝါရှင်တန် ဒီဇင်ဘာ ၁၄

အမေရိကန်ပြည်ထောင်စုသည် ဆော်ဒီအာရေဗျဒေသတွင်း ရွေးကောက်ပွဲများတွင် အမျိုးသမီးများပါဝင်လာမှုကို ကြိုဆိုကြောင်း အင်နာ့အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အမေရိကန်အစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံ ရွေးကောက်ပွဲများတွင် အမျိုးသမီး ၁၀၀၀ နီးပါး ပါဝင်လာခြင်းကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ပြောခဲ့သည်။

တနင်္ဂနေနေ့က ထုတ်ပြန်သော ကြေညာချက်တွင် အမျိုးသမီးများ ရွေးကောက်ပွဲတွင် ပါဝင်လာခြင်းသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ရှေ့ဆက်သွားမည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း ၄င်းကပြောကြားခဲ့သည်။

မဲပေးရာတွင် နိုင်ငံသားများအားလုံးပါဝင်လာခြင်းနှင့် အစိုးရ၏ အုပ်ချုပ်မှုပုံစံပြောင်းလဲလာခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးအတွက် အလွန်အရေးကြီးပြီး သမိုင်းမှတ်တိုင်စိုက်ထူမည့် လုပ်ရပ်ဖြစ်သောကြောင့် ကြိုဆိုကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီကပြောခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အိုင်အက်စ်ဆန့်ကျင်နှိမ်နင်းရေး စစ်ဆင်မှုများကို ပြုလုပ်ရာတွင် အရေးကြီးသော မိတ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ရှုမြင်ရကြောင်း၊ တစ်ချိန်တည်းမှာပင် ဆော်ဒီအမျိုးသမီးများ၏အခွင့်အရေးနှင့် ပတ်သက်ပြီး အမေရိကန်က စိုးရိမ်မိကြောင်း ၄င်းကပြောသည်။

(အင်နာ့အိတ်ချ်ကေ)

ရုရှားစစ်သင်္ဘောက တူရကီသင်္ဘောကို သတိပေးပစ်ခတ်

မော်စကို ဒီဇင်ဘာ ၁၄

အေဂျီယံပင်လယ်အတွင်း သင်္ဘောတိုက်မှုကို ရှောင်ရှားရန် ရုရှားစစ်သင်္ဘောတစ်စင်းက တူရကီသင်္ဘောတစ်စင်းကို သတိပေးပစ်ခတ်ခဲ့ပြီးနောက် ဆီးရီးယားအနီး မိမိတို့တပ်များအား ရန်စနေမှုများကို အဆုံးသတ်ရမည်ဖြစ်ကြောင်း ရုရှားက တနင်္ဂနေနေ့တွင် တူရကီကို သတိပေးလိုက်သည်။

မိမိတို့စစ်သင်္ဘောများအနက် ဖျက်သင်္ဘောစမက်တီဗီက တူရကီသင်္ဘောတစ်စင်းနှင့် မတိုက်မိစေရန် သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

တူရကီက ရုရှားကို ရန်စမှုမှာ ပို၍ဆိုးရွားလာပြီး စိုးရိမ်စရာဖြစ်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြသည်။

အဆိုပါ တူရကီငါးဖမ်းသင်္ဘောသည် ရုရှားစစ်သင်္ဘောစမက်တီဗီမှ မီတာ ၅၀၀ အတွင်း ဖြတ်မသွားမီ ရုရှားစစ်သင်္ဘော၏ သတိပေးပစ်ခတ်မှုကို တုံ့ပြန်နိုင်ခဲ့ခြင်းမရှိကြောင်း တနင်္ဂနေနေ့ အစောပိုင်းတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ သင်္ဘောနှစ်စင်း မတိုက်မိဘဲရှောင်ရှားနိုင်ခြင်းသည် ကံကောင်းခြင်းဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ အန်ကာရာ အဝိုးရအနေဖြင့် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးပြီး ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း လစ်ဗျားအရေး ဆွေးနွေးရန် ရောမမြို့သို့ ရောက်ရှိနေသော တူရကီနိုင်ငံခြားရေးဝန်ကြီး မက်လွတ်ကာပူဆိုဂလူက ပြောသည်။ **(ရိုက်တာ)**

ရုရှားဖျက်သင်္ဘော စမက်တီဗီကို ခရိုင်းမီးယားဆီဗက်စတိုဗို ဆိပ်ကမ်း၌ ၂၀၁၃ စက်တင်ဘာလအတွင်းက တွေ့ရစဉ်။

ဖိလစ်ပိုင်အလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၇၂၅၀၀၀ ကျော် ပြောင်းရွှေ့

မနီလာ ဒီဇင်ဘာ ၁၄

ဒေသအခေါ် နိန်နာဟုအမည်ပေးထားသော မီလော်တိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်နှင့် အလယ်ပိုင်းဒေသများရှိပြည်နယ်သုံးခုတွင် အိမ်ထောင်စု ၁၆၁၀၀၀ သို့မဟုတ် မိသားစုဝင် အရေအတွက် ၇၂၅၀၀၀ ကျော် ကြိုတင်ပြောင်းရွှေ့မှုများပြုလုပ်ထားခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း မီလော်သည် ဒီဇင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နိုင်ငံမြောက်ပိုင်းရှိ ဆာမားနှင့် ဘယ်တက်ဂျ်ကျွန်းသို့ ဝင်ရောက်ခဲ့ရာ ယင်းနေ့ နှောင်းပိုင်းတွင် ဆော်ဆိုဂန်ပြည်နယ်သို့ ဝင်ရောက်နိုင်ကြောင်း၊ ခန့်မှန်းထားကြောင်း မိုးလေဝသကြိုတင်ခန့်မှန်းရေးအေဂျင်စီက ပြောခဲ့သည်။

ရွှေ့ပြောင်း ခံရသူများမှာ အယ်လ်ဘေးနှင့် ဆော်ဆိုဂန်ပြည်နယ်များနှင့် နိုင်ငံမြောက်ပိုင်းရှိ ဆာမားပြည်နယ်များမှ ဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှ ပြောကြားသည်။

မုန်တိုင်းကြောင့် ပြည်နယ်ရှစ်ခုရှိ စာသင်ကျောင်းများနှင့် သင်တန်းများကို ပိတ်ခဲ့ပြီး အနည်းဆုံး ပြည်တွင်းလေယာဉ်ခရီးစဉ် ၄၀ ကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ပင်လယ်ပြင်တွင် မုန်တိုင်းကြောင့် လှိုင်းထန်မှုများ ဖြစ်ပွားသောကြောင့် ခရီးသည်တင်ရေယာဉ် ၈၀၀၀ နီးပါးနှင့် သင်္ဘော ၆၂ စင်း အပါအဝင် ကုန်တင်သင်္ဘော ၅၂ စင်းလည်း ကမ်းပြန်ကပ်ခဲ့သည်။

မုန်တိုင်းကြောင့် အများဆုံးလေတိုက်နှုန်းမှာ အလယ်ဗဟိုတွင် တစ်နာရီလျှင် ၁၅၀ ကီလိုမီတာ အထိရှိပြီး လေပြင်းများမှာ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

(ဆင်ဟွာ)

စင်ကာပူတွင် ဆေးရွက်ကြီးထွက်ကုန်ပိတ်ပင်

စင်ကာပူ ဒီဇင်ဘာ ၁၄

စင်ကာပူနိုင်ငံတွင် အင်္ဂါနေ့မှစတင်၍ ဆေးရွက်ကြီးထွက်ကုန်များ ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနလင်္ဂနေ့တွင် ထုတ်ပြန်ကြေညာထားသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် စတင်အကျိုးသက်ရောက်မည့် အဆိုပါ ပိတ်ပင်မှုသည် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုလျော့နည်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး စင်ကာပူစျေးကွက်တွင် ဆေးရွက်ကြီးထွက်ကုန်များ ရောင်းချခွင့်ပြုတော့မည် မဟုတ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါ ပိတ်ပင်မှုဥပဒေကို ချိုးဖောက်သူများအနေဖြင့် စင်ကာပူဒေါ်လာ ၁၀၀၀၀ ဖြစ်စေ၊ ထောင်ဒဏ်ခြောက်လဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်မြောက်ပိုင်းမြို့ကြီးများ အဆိုးရွားဆုံးလေထုညစ်ညမ်း

ပေကျင်း ဒီဇင်ဘာ ၁၄

တရုတ်မြောက်ပိုင်းမြို့ကြီးများတွင် ဆောင်းရာသီအစပိုင်း နိုဝင်ဘာလတွင် အဆိုးရွားဆုံးလေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောသည်။

ပေကျင်းမြို့ ဟေဘေးပြည်နယ်အတွင်းရှိ ရှင်တိုင်း၊ ဘော်ဒိုင်း၊ ရှိကျိကျောင်း၊ လန်ဖန်း၊ တန်ရှန်းနှင့် ဟန်ရှအိမြို့ကြီးများသည် လေထုအညစ်ညမ်းဆုံးမြို့ကြီး ၁၀ မြို့တွင် ပါဝင်သည်ဟု တနင်္ဂနေနေ့က အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တရုတ်မြို့ကြီး ၇၄ မြို့၏ လေထုအရည်အသွေးကို ဆန်းစစ်လေ့လာခဲ့ရာတွင် နိုဝင်ဘာလအတွင်း ရှန်ရန်းမြို့သည် လေထုအညစ်ညမ်းဆုံးဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ်၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ အစိုးရအစုအဖွဲ့ ကိုယ်စားလှယ်၊ ပြည်ထောင်စုပန်ကြီး ဦးအောင်မင်းက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ရေးထိုးချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က ဒီဇင်ဘာ ၈ ရက်တွင် ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများစီးရိမ်နေသည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်ပြီဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေးပါတီအစုအဖွဲ့များ၊ လူထုလူတန်းစားအသီးသီးက သံသယနှင့် စိုးရိမ်နေကြသည့် နိုင်ငံရေးဆွေးနွေးပွဲများကို အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်၏ ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ ဒီဇင်ဘာ ၃ ရက်က ကျင်းပပြီးစီးခဲ့သည့် Policitical Dialogue ကို သုံးရက်အတွင်း မူကြမ်းတစ်ခု အတည်ပြုနိုင်ခြင်းသည်လည်း ရှေ့သို့လှမ်းနိုင်ခြင်းဖြစ်၍ အစုအဖွဲ့များအကြား ပိုမိုပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ကျန်ရှိနေသေးသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင်ပါဝင်မည့် အစုအဖွဲ့များ၏ ကိုယ်စားလှယ် အချို့အစားကိစ္စကိုလည်း ကျေကျေလည်လည် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးအခြေအနေသစ်နှင့် ကိုက်ညီသည့်ကိုယ်စားလှယ် အချို့အစားကိုလည်း အကျေအလည် ပြုပြင်သတ်မှတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အတည်ပြုပြီးချိန်တွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် အစုအဖွဲ့အသီးသီးမှ တာဝန်ခံခေါင်းဆောင်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်မြန်မာနိုင်ငံအတွက် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ်၊ ကေအိန်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးပါတီများ၏ ပူးပေါင်းပါဝင်လာမှုကြောင့် နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အစုအဖွဲ့စုံညီအစည်းအဝေးတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင် မူကြမ်းရေးဆွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ရက်အနည်းငယ်အတွင်းမှာပင် မူကြမ်းရေးဆွဲရေးကော်မတီဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင်မူကြမ်းတစ်ခုကို ရရှိလာသည့်အတွက် ကော်မတီဝင်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

ဒီဇင်ဘာ ၈ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်အမှတ်(၁၆)အရ NCA ကို လွှတ်တော်သို့ တင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြော်အမြင်ကြီးမားစွာနှင့် ကန့်ကွက်သူမရှိဘဲ အတည်ပြုနိုင်ခဲ့ကြသည်ကို အထူးလေးစား ဂုဏ်ပြုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါအချက်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် ပိုပြီးခိုင်မာစေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက UPDJC အဖွဲ့အစည်းတွင် အစိုးရအဖွဲ့၏ အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့သုံးဖွဲ့ ပါဝင်ပါကြောင်း၊ အစုအဖွဲ့သုံးဖွဲ့က ယင်းအစုအဖွဲ့၏ လုပ်ငန်းများ အောင်မြင်စေရန် ကိုယ်စားလှယ် ၁၆ ဦးနှင့် အကြံပေးပုဂ္ဂိုလ်ရှစ်ဦး ရွေးချယ်သင့်သည်ဟု ဆုံးဖြတ်ချက်အရ မိမိတို့နိုင်ငံရေးပါတီ အစုအဖွဲ့က ကိုယ်စားလှယ် ၁၆ ဦးနှင့် အကြံပေးပုဂ္ဂိုလ်ရှစ်ဦးကို နိုင်ငံရေးအမြင်အရ ရွေးချယ်ခဲ့ပါကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် ဆန္ဒသဘောတူညီချက်နှင့် ကိုယ်စားလှယ်များကို ရွေးချယ်သည့်နည်းနှင့် နိုင်ငံရေးပါတီ အားလုံး ရွေးကောက်ပွဲနည်းအားဖြင့် ရွေးချယ်သည့်နည်းဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြု၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ (FPDDC) မှ လုပ်ငန်းပြီးမြောက်မှုအခြေအနေကို တင်ပြဆွေးနွေးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ဆွေးနွေးရန်ကျန်ရှိသည့်အခန်းများနှင့် အချက်များအား ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

အစည်းအဝေးမစတင်မီ MPC ၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့တဲ့ရွေးကောက်ပွဲမှာ ပြည်သူလူထုက ရွေးချယ်ပေးလိုက်တဲ့ပါတီအနေနဲ့ လွှတ်တော်အသစ်၊ အစိုးရအဖွဲ့အသစ်တွေ ဖွဲ့စည်းရမှာဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မိမိတို့နိုင်ငံအနေနဲ့ မဖြစ်မနေဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် အစိုးရသစ်အနေနဲ့လည်း မဖြစ်မနေ ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်၊ အခုလို "အင်နာအယ်ဒီပါတီ"အနေနဲ့ ပူးပေါင်းပါဝင်လာမှုဟာ လက်ဆင့်ကမ်းယူတာပဲဖြစ်ပါတယ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်တဲ့အစိုးရအဖွဲ့ တာဝန်ယူစဉ် လေးနှစ်ခွဲကျော်ကာလမှာ လုပ်ဆောင်လာခဲ့ရတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကောင်းမွန်တဲ့အချက်တွေ များစွာရှိပါတယ်၊ အဲဒါတွေကို အုတ်မြစ်အဖြစ် သဘောထားပြီး အဲဒီအုတ်မြစ်အပေါ်မှာ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် အမြတမ်းငြိမ်းချမ်းရေးရရှိဖို့ အခွင့်အလမ်းအများကြီး ရှိလာတဲ့အတွက် အခုလို ပူးပေါင်းပါဝင်တာကို ကြိုဆိုပါတယ်၊ ပိုပြီး ကောင်းမွန်တဲ့အလေ့အထကို စတင်လုပ်ဆောင်နိုင်ပြီလို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်း အကဲဖြတ်ခြင်းကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့် ကော်မတီဝင်များ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းမှု၊ မိမိနိုင်ငံ၏လိုအပ်ချက်အရ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်း၊ ယင်းတို့နှင့် သွေးချင်းဆက်စပ်နေသည့် နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုးခွဲခြားကာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ခွင့်ပြုဆောင်ရွက်မှု၊ လက်ရှိခွင့်ပြု ဆောင်ရွက်ပြီး အခြေအနေနှင့် ဆက်လက်ခွင့်ပြုနိုင်ရေးဆောင်ရွက်မှု၊ ခွင့်ပြုနေထိုင်ခွင့်ရရှိသူများ အနေဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေများအားလိုက်နာဆောင်ရွက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့ကို မထိခိုက်စေရေးအတွက် စနစ်တကျ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသော နည်းဥပဒေများအပေါ် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ် အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို နိုင်ငံအတွင်း ကာလရှည်ကြာစွာ လာရောက်နေထိုင်လိုသည့် ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်လိုသည့် မြန်မာနိုင်ငံသားဟောင်းများ အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သော နိုင်ငံခြားသားစသည်ဖြင့် အမျိုးအစားလေးမျိုးခွဲခြား၍ နိုင်ငံတော်၏ လိုအပ်ချက်၊ သတ်မှတ်ထားသော အမှတ်ပေးစံနှုန်းစနစ်တို့အရ စိစစ်သုံးသပ်ခွင့်ပြုပေးလျက်ရှိရာ လျှောက်ထားသူများအနက် ပထမအကြိမ်အဖြစ် ၁၂၅ ဦးအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ဒုတိယအကြိမ်အဖြစ် ၄၄ ဦးအား လက်မှတ်နှင့် ကတ်ပြားများ လာရောက်ထုတ်ယူနိုင်ရေး အကြောင်းကြားဆောင်ရွက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယခု လူတွေ့မေးမြန်းအကဲဖြတ်ခြင်းမှာ လျှောက်ထားသူများအနက် တတိယအကြိမ်အဖြစ် ဗဟို ကော်မတီမှ စိစစ်အတည်ပြုပြီးသူ (မိသားစုဝင်များမပါ) ၃၄ ဦးအနက် ၂၈ ဦးနှင့် ယခင်လူတွေ့ မေးမြန်းအကဲဖြတ်ရန်ကျန်ရှိသူ ၁၂ ဦးအနက် ကိုးဦး၊ စုစုပေါင်း ၃၇ ဦးအား အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များက တွေ့ဆုံမေးမြန်း အတည်ပြုဆုံးဖြတ်ကြမည်ဖြစ်ပြီး အတည်ပြုဆုံးဖြတ်ခွင့်ပြုသူများအား အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးရာဆောင်းပါးများကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် အကြောင်းအရာများနှင့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်အာဘော်နှင့် ရှုမြင်သုံးသပ်ချက်များဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံရေးယဉ်ကျေးမှုသစ်နှင့် အတုယူဖွယ်ရာ မြန်မာ့နွေဦးဆီသို့

သော်ဇင်ထွန်း

၂၀၁၆ သို့ ကူးပြောင်းခါနီးဖြစ်သည့် အခါသမယတွင် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အလျင်အမြန်ဖြစ်ထွန်းလာနေပြီး အားရစရာပင်ဖြစ်တော့သည်။ နိုဝင်ဘာလ လွှတ်တော်ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲ ၇၇ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးမှု ချောချောမွေ့မွေ့ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှုးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြခြင်းကား သမိုင်းဝင်တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ ဖြစ်လာသည်။

နှစ်ပေါင်းများစွာ အထီးကျန်ဝါဒကျင့်သုံးခဲ့ပြီး ဆင်းရဲနွမ်းပါးနေခဲ့သည့် နိုင်ငံတွင် ပြိုင်ဘက်များ အမြစ်ပြုတ်ချေမှုန်းရေး ကျင့်သုံးမှုများမှ တွေ့ဆုံဆွေးနွေးမှု နိုင်ငံရေး ယဉ်ကျေးမှုသစ်ထွန်းကားလာခြင်းသည် မြင့်မားသော ယဉ်ကျေးမှုတစ်ရပ်ဆီသို့ လျှောက်လှမ်းနေပြီကို သက်သေပြဆိုချက်ဖြစ်သည်။

ဒီယဉ်ကျေးမှုသစ်ကို မောင်းနှင်သူများတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့၏ အခန်းကဏ္ဍမှာ အခရာကျလှသည်။

အစိုးရသစ်သည် အုပ်ချုပ်ရေးအတွေ့အကြုံသစ်ဖြစ်သည့်အလျောက် ပါတီစွဲမထားဘဲ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများနှင့် တိုင်းရင်းသားလူမျိုးစုများကို ပါဝင်ဆောင်ရွက်စေခြင်းအားဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ကာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီ ဆက်လက် လျှောက်လှမ်းနိုင်လိမ့်မည်

နိုင်ငံရေးအာဏာကို လွှတ်တော်ရွေးကောက်ပွဲများ ဖြတ်သန်းကာ ယှဉ်ပြိုင်ကြိုးစားခြင်းနှင့် နိုင်သူ၊ ရှုံးသူတို့ လက်ဆွဲနှုတ်ဆက်နိုင်ကြပြီး နိုင်ငံ့အကျိုးစီးပွားကို ရှေ့တန်းတင်စဉ်းစားလာနိုင်ကြသည်။

ဒါ့ကြောင့် ၂၀၀၂ ခုနှစ်က ထုတ်ပြန်ခဲ့သော လမ်းပြမြေပုံမှာ အဆင့်(၇) ဆင့်သာ သတ်မှတ်ခဲ့သော်လည်း ယခုရွေးကောက်ပွဲနှင့် လူထုက တစ်ခဏက်ရွေးချယ်လိုက်သော အနိုင်ရပါတီသို့ အာဏာလွှဲပြောင်းပေးခြင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း၏ အဆင့်(၈)နှင့်(၉)တို့ဟု ဆက်လက်သတ်မှတ်၍ရပေသည်။ ဆက်လက် အောင်မြင်မှုတွေရလျှင် မြန်မာ့နွေဦးကား ကမ္ဘာတွင် လေ့လာချင်စရာကောင်းသော အတုယူ စံနမူနာပြုအပ်သော အကူးအပြောင်းရယ်လို့ ဖြစ်လာပါလိမ့်မည်။

မြန်မာပြည်တွင် စစ်အုပ်ချုပ်ရေးမှသည် ၂၀၁၁ ခုနှစ် အရပ်သားအစိုးရသို့ ကူးပြောင်းခိုန်တွင် ခေတ်ပြိုင်ဖြစ်ထွန်းမှုဖြစ်သော အာရပ်နွေဦးလှိုင်းအောက်တွင် တူနီးရှားနိုင်ငံတစ်ခုတည်းသာ တည်ငြိမ်မှုရှိပြီး ရွေးကောက်ပွဲတွေ အောင်အောင်မြင်မြင်လုပ်နိုင်ခဲ့သည်။

လစ်ဗျား၊ ဆီးရီးယား၊ ယီမင်တို့လိုနိုင်ငံများကတော့ စစ်တလင်းပြင်နှင့် မတည်ငြိမ်မှုများကို ရင်ဆိုင်နေကြရသည်။ အီဂျစ်တွင် ဖိနှိပ်မှုပိုလာခဲ့သည်။ ဘာရိန်းက ကျဆုံးသော တော်လှန်ရေးနှင့် အဆုံးသတ်သွားသည်။

အာဆီယံအသင်းဝင်နိုင်ငံများတွင် မြန်မာပြည်အပြောင်းအလဲကား ပြည်တွင်း ပြည်ပလေ့လာသူများကို အံ့အားသင့်ဖွယ်ရာ အပေါင်းလက္ခဏာ ဆောင်လာနေချိန် ထိုင်းနိုင်ငံ၌ စစ်အုပ်ချုပ်ရေးအောက် တစ်ကျော့ပြန်ကျရောက်နေပြီး မလေးရှားနှင့် ကမ္ဘောဒီးယားရွေးကောက်ပွဲများကား အငြင်းပွားစရာတွေ ဖြစ်ခဲ့ကြသည်။

မြန်မာပြည်တွင် ဆယ်စုနှစ်များစွာ အုပ်စိုးခဲ့သော စစ်အုပ်ချုပ်ရေးကြောင့် နေ့တွင်းညတွင်းချင်း မပတ်သက်အောင်လုပ်ဖို့ကတော့ လက်တွေ့မကျလှပေမယ့် ဗဟိုနှင့် ဒေသန္တရအကြား အာဏာဖြန့်ဝေမှု၊ အင်စတီကျူးရှင်းများအတွင်း ဒီမိုကရေစီကျင့်ထုံးများ ပိုမိုပီပြင်လာရေးနှင့် မဏ္ဍိုင်များ အချင်းချင်းထိန်းကျောင်းမှုအားကောင်းရေးများ လုပ်ရန်လိုသည်ဟု အချုပ်ဆို၍ရသည်။

လူနည်းစုတိုင်းရင်းသားများ အဖွဲ့များနှင့် လက်နက်ကိုင်ပဋိပက္ခများ ရပ်စဲရေးမှသည် နိုင်ငံရေးသဘောတူညီချက် ခိုင်ခိုင်မာမာရစေရေးနှင့် အပစ်အခတ်ရပ်စဲရေးမှာ ဆက်လက်၍ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပေသည်။

ဒီမိုကရေစီကျင့်စဉ်ကား အောက်မှအပေါ်သို့ ပြန်စီးဆင်းသော Bottom-Up ဖြစ်ရာ ဆယ်စုနှစ်ပေါင်းများစွာ အထက်မှသည်အောက်သို့ အမိန့်နှင့် ညွှန်ကြားချက်စနစ် Top-Down ကြီးစိုးသော မြန်မာ့လူအဖွဲ့အစည်းတွင် အလေ့အကျင့်ဆိုင်ရာ ဝိရောဓိတွေ ဖြစ်တတ်သည်။ ဘက်ပေါင်းစုံက အဖွဲ့အစည်းများအတွင်း လေ့ကျင့်သင်ကြားမှုပြုကြရာသည်။

ယခင်က မဏ္ဍိုင်များ ရောထွေးနေရကာ နေရာတကာ အုတ်ရောရော၊ ကျောက်ရောရော အခြေအနေကနေ အခင်းအကျင်းအသစ်၏ ကဏ္ဍအသီးသီးတွင် မိမိအလုပ်ကို ဝိပြင်အောင်လုပ်သော စိတ်ဓာတ်များဖြင့် ထိန်းကျောင်းမှုအားကောင်းအောင် ပိုမိုအာရုံစိုက်ကြရတော့မှာဖြစ်သည်။

လက်ရှိလွှတ်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အများစုဖြစ်နေရာက လွှတ်တော်သစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အများစုရလာမှာဖြစ်သည်။ ထိုအခြေအနေတွင် တပ်မတော်သားကိုယ်စားလှယ်များက ထိန်းကျောင်းမှုလုပ်လာရမည့် အခြေအနေဖြစ်သလို သဘာဝအလျောက် ငြင်းခုံရမှုများ ဖြစ်နိုင်ပေသည်။

ဤအခြေအနေတွင် လွှတ်တော်ပြင်ပရှိ အရပ်ဘက်လူအဖွဲ့အစည်းများနှင့် မီဒီယာ၏အခန်းကဏ္ဍကို ပိုမိုအားပေးခြင်းနှင့် အရပ်ဘက်လူအဖွဲ့အစည်းများကလည်း လူကိုမကြည့်၊ မူကိုကြည့်ကာ မိမိအလုပ်ဝိပြင်အောင် လုပ်ဆောင်ခြင်းတို့ လုပ်သင့်သလို မီဒီယာကလည်းကျင့်ဝတ်နှင့်အညီ မထောက်မညာ ဆန်းစစ်ခြင်းဖြင့် ထိန်းညှိနိုင်ပါသည်။

အသွင်ကူးပြောင်းရေးကား အတိတ်ကာလမှာ ခက်ခဲသောကာလများ ရှိခဲ့သလို အနာဂတ်မှာ စိန်ခေါ်မှုတွေ ရှိနေသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေထုတ်ပြန်ရေး၊ အကျင့်ပျက်ခြစားမှုလျှော့ချရေး၊ အခွန်ရှောင်များအရေးယူခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီးခြင်း၊ စွမ်းဆောင်ရည်မြင့်သော ဗျူရိုကရေစီယန္တရားများဖြစ်ရေး၊ မြေသိမ်းယာသိမ်းအမှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပိုင်ရှင်မှန်ထံ ပြန်ရောက်ရေး၊ သတင်းလွတ်လပ်ခွင့် ပိုမိုအားကောင်းလာရေး၊ လူနည်းစုအခွင့်အရေးစောင့်ရှောက်မှု၊ လူထုအတွက် ကျန်းမာရေးအသုံးစရိတ်များ နိုင်ငံတော်က ပိုမိုသုံးစွဲခြင်းနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အသုံးစရိတ်များ နိုင်ငံတော်က ပိုမိုသုံးစွဲခြင်းတို့ ဖြစ်ပေသည်။

တစ်ဖန် တိုင်းပြည်တွင် ဆင်းရဲချမ်းသာကွာဟမှုကြီးမားနေမှုကလည်း အလျင်အမြန်ကိုင်တွယ်စရာဖြစ်နေသည်။ တစ်ဖက်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို အားပေးသော အရင်းရှင်စီးပွားရေးစနစ်အောက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပိုအောင် ဖန်တီးဖို့လိုကာ လုပ်သားများ အလုပ်ကြိုးစားမှုဖြစ်စေသော မက်လုံးကိုဖြစ်စေခြင်းနှင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားခြင်းက ဆင်းရဲသားများကို ပညာသင်ကြားရေးအခက်အခဲနှင့် မကျေနပ်မှုများ ကြီးထွားစေရာ အဆိုးသံသရာလည်နေတတ်ခြင်းကြောင့် ထိန်းညှိမှုပြုရန်လိုပေသည်။

အစိုးရသစ်သည် အုပ်ချုပ်ရေးအတွေ့အကြုံသစ်ဖြစ်သည့်အလျောက် ပါတီစွဲမထားဘဲ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများနှင့် တိုင်းရင်းသားလူမျိုးစုများကို ပါဝင်ဆောင်ရွက်စေခြင်းအားဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ကာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီ ဆက်လက်လျှောက်လှမ်းနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း။ ။

လွိုင်ကော် ခုတင်(၂၀၀) ဆုံ ပြည်သူ့ဆေးရုံကြီးကို ခုတင် (၅၀၀) ဆုံအဖြစ်သို့ အဆင့်မြှင့်တင်

လွိုင်ကော် ဒီဇင်ဘာ ၁၄

ကယားပြည်နယ် လွိုင်ကော်မြို့ ခုတင်(၂၀၀)ဆုံ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၅၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး အဖြစ်သို့ အဆင့်မြှင့်တင်ခြင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီက လွိုင်ကော်မြို့ ခုတင်(၅၀၀)ဆုံ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်ကော်မြို့ ခုတင်(၅၀၀) ဆုံ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို ကယားပြည်နယ် လူမှုရေးဝန်ကြီး ဦးကိုးရယ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် မြို့မိ မြို့ဖ ဦးခီးရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက စိုက်ထုတ်ကျခံသုံးစွဲရသော ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ် လျှော့နည်းစေရန်နှင့် ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များကို ညှိနှိုင်းထောက်ပံ့ကူညီပေးခဲ့ကြောင်း၊ အကျိုးရလဒ်အနေဖြင့် မိမိတို့ဒေသတွင်း ဆေးရုံ၊ ဆေးခန်းများအား ပြည်သူလူထု၏ ယုံကြည်အားကိုးခြင်း ပိုမိုရရှိလာသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ခုတင်(၅၀၀)ဆုံ ဆေးရုံကြီး အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုခဲ့ခြင်းဖြစ်ကြောင်း ၊ ကျောက်ကပ်လူနာများအတွက် ကျောက်ကပ်တုသန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ ဝိုင်းဝန်းကူညီကြ

ကြသော အလျှူရှင်များကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ကပ်တုသန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး ဝိုင်းဝန်းကူညီကြသော အလျှူရှင်များအား ပြည်နယ်လူမှုရေးဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကျောက်ကပ်မကောင်း၍ သွေးသန့်စင်ခြင်းကုသမှု ခံယူနေသော လူနာအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောက်ကပ်တုသန့်စင်ခြင်းအတွက် ကျောက်ကပ်တုသန့်စင်စက်တစ်လုံး ထပ်မံဝယ်ယူရန် ငွေကျပ်သိန်း ၁၅ဝ လျှာ့ဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် မြန်/ဆက်)**

စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ဖိတ်စာထုတ်ယူနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၁၉ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများတက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများသည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ အမှတ် (၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး၌ ဖိတ်စာများထုတ်ယူရန်နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပါအဝင် အစီရင်ခံစာသုံးခု ဖတ်ကြားရှင်းလင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ**(ယာပုံ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ**အပါအဝင် အစီရင်ခံစာသုံးခုနှင့် စပ်လျဉ်း၍ ဖတ်ကြားခြင်းနှင့် ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် **အထူးကုန်စည်ခွန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကိုကော်မတီ အတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ဖတ်ကြားရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ **၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက ရှင်းလင်းတင်ပြရာ ၂၀၁၅-၂၀၁۶ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အကောင်အထည်ဖော်မှုအခြေအနေကို သုံးသပ်မည်ဆိုပါက နှစ်ဝက်လျာထားချက်အပေါ် ၉၅ ဒသမ ၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံး ရည်မှန်းချက်အပေါ် ၃၃ ဒသမ ၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ယခင်နှစ် အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း ၉ ဒသမ ၉ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း။

ကဏ္ဍများအလိုက် အကောင်အထည်ဖော်နိုင်မှုတွင်လည်း အနည်းဆုံးကဏ္ဍတွင် ၈၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ အကောင်အထည်ဖော်နိုင်မှုများမှာလည်း အနည်းဆုံး တိုင်းဒေသကြီး/ပြည်နယ်တွင် ၉၀ ရာခိုင်နှုန်းနီးပါး ရှိပါကြောင်း။

ပထမခြောက်လပတ်အတွင်း ဆောင်ရွက်ပြီးစီးမှုအချို့ကို အကျဉ်းတင်ပြရပါက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်း၊ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်နိုင်ခြင်း၊ အင်းလေးကန်ဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်နိုင်ခြင်း၊ သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူ ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများကို နိုင်ငံတကာ လေဆိပ်များမှ

စာမျက်နှာ ၈ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ အစီရင်ခံစာနှစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခုလက်ခံရရှိကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ၁၄ ရက်မြောက်နေ့ အစည်းအဝေး၌ တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီအရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ဦးခိုင်မောင်ရည်နှင့် သူရဦးအောင်ကိုတို့က ဆွေးနွေးကြသည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို အထောက်အကူဖြစ်စေရန် လွှတ်တော်၌ ဥပဒေများပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာများ၊ အသနားခံစာများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဌာနတွင် မိမိတို့နိုင်ငံရှိ ထူးချွန်ထက်မြက်သည့်အရာရှိများ လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးမှာ မြန်မာ့လူဘောင်ပတ်ဝန်းကျင်အတွက် အထူးလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

အလားတူ အစည်းအဝေး ၁၄ ရက်မြောက်နေ့က တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၊ ဦးခမိုင်မုန်ကွမ်၊ ဒေါ်နန်းစေအွာတို့က ဆွေးနွေးကြသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးအတွက် လာမည့်အစိုးရသက်တမ်းတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းသားစာပေ သင်ကြားရေးအပိုင်းတွင်လည်း လိုအပ်သည်များ ထောက်ပံ့ဆောင်ရွက် ပေးစေလိုပါကြောင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လက်ရှိအခြေအနေ၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးမှု ပြုလုပ်ပြီးသည့် အတွက် ကြိုဆိုပါကြောင်း၊ ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်ပြီး လွှတ်လပ်မှု၊ တန်းတူညီမျှမှုပါရှိသည့် ငြိမ်းချမ်းရေးမူဘောင်အတိုင်း ဖက်ဒရယ်ပြည်ထောင်စုကို ဆက်လက်ဖော်ဆောင်စေလိုပါကြောင်း ဆွေးနွေးပြီးနောက် ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော "တိရစ္ဆာန် ဆေးပညာကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ချက်မရှိအတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင်ကျင်းပရာ **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းနှစ်ခုနှင့် အစီရင်ခံစာတစ်ခုတို့ကို ဖတ်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုကော်မတီ ဥက္ကဋ္ဌရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးခင်မောင်ရီက ဖတ်ကြားတင်သွင်းရာတွင် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ နိုင်ငံတော်ကရယူသည့် ပြည်တွင်းပြည်ပကြွေးမြီများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့က လိုက်နာဆောင်ရွက်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကြွေးမြီစီမံခန့်ခွဲခြင်းများ၊ နိုင်ငံတော်၏ အာမခံချက်များ၊ ကြွေးမြီပြုစုခြင်းများ၊ အစီရင်ခံခြင်းများ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာကျင့်ထုံးများနှင့်အညီ ခိုင်မာစွာချမှတ်ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပြည့်စုံစွာ ပြင်ဆင်အတည်ပြုထားသည်ကို လေ့လာ

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးခင်မောင်ရီ

တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အနေဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်း ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော် ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ

ထို့နောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ **လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများနှင့် အထွေထွေလျှုဒါန်းခြင်းအစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဧလ)**

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ၌ ပါရှိသည့် ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးသတင်းတွင် ကော်လံ ၁ နှင့် ပုံစာ၌ သတ္တမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး **အစား** ပဋ္ဌမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

*** ရှေ့ပုံးမှ**

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍပေါင်းစုံတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိနေပြီဖြစ်ပါသည်။

ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ မုန်တိုင်းဒဏ်ခံရမှုနှင့်ရေကြီးရေလွှမ်းမှုများကြောင့် ရခိုင်ပြည်နယ် တစ်ဝန်းပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးကိုအမြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်ပေးခဲ့ပါသည်။ ရေလွှမ်းနစ်မြုပ်သောလယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခုအခါ ရိတ်သိမ်းနေကြပြီဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့သော်လည်း ကြံ့ကြံ့ခံပြီး ဇွဲလုံ့လဝီရိယဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စွမ်းဆောင်ရည်ကိုလည်းချီးကျူးအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် ရရှိပြီးတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများ အားလုံးက လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့် အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ

တစ်ဆင့် ဗီဇာမလိုဘဲ ၁၄ ရက်ကြာ သွားလာနေထိုင်ခွင့် ပြုခြင်း၊ အနည်းဆုံးအခကြေးငွေကို ထုတ်ပြန်နိုင်ခြင်း၊ မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို ထုတ်ပြန်နိုင်ခြင်း၊ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နှစ်ဝက်လေ့လာသုံးသပ်မှုအစည်းအဝေးကျင်းပနိုင်ခဲ့ခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပခဲ့ခြင်းတို့အပြင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း တင်ပြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ **၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် **စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ **၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ**နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဌာနအဖွဲ့အစည်းများ အားလုံး၏ ပထမခြောက်လပတ် ရငွေလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ရငွေလျာထားချက် ကျပ် ၇၁၂၂ ဒသမ ၅၆ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၅၂၄ ဒသမ ၄၀၆ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၉၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပထမခြောက်လပတ် သုံးငွေလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ သုံးငွေလျာထားချက် ကျပ် ၉၃၇၇ ဒသမ ၃၄၀ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၂၃၀ ဒသမ ၅၄၃ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၈၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

သာမန်ရငွေတွင် အခွန်အကောက်ရငွေများ၊ သာမန်ပစ္စည်းများရောင်းချရငွေ၊ ဆောင်ရွက်ပေးမှုမှရငွေ၊ ဒဏ်ငွေများ၊ ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ အတိုးရငွေ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ၊ ထောက်ပံ့ငွေမှရငွေနှင့် ပြည်ပအကူအညီရငွေ စသည်တို့ ပါဝင်ပါကြောင်း။

သာမန်အသုံးစရိတ်တွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အပြီးအပိုင်သုံးစွဲလိုက်သော အသုံးစရိတ်များ ဖြစ်သည့် လစာနှင့် စရိတ်များ၊ အခွန်အခ၊ လုပ်အားအတွက် ကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်ခ၊ ရုံးအသုံးအဆောင် ပစ္စည်းများ၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ လျှပ်စစ်ဓာတ်အား၊ စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာ၊ အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာနှင့် မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း၊ တိုက်ရိုက်စရိတ်များ၊ သွယ်ဝိုက်စရိတ်များ စသည်တို့အပြင် ထောက်ပံ့ငွေအသုံးစရိတ်၊ သီးသန့်အသုံးစရိတ်နှင့် အတိုးပေးငွေ စသည်တို့ ပါဝင်ပါကြောင်း။

ငွေလုံးငွေရင်းရငွေတွင် မြေ၊ အဆောက်အအုံ စသည့် ပုံသေပိုင်ပစ္စည်းများ ရောင်းချရငွေများ၊ ပြည်ပအကူအညီရငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျခံဝယ်ယူထားသည့် ပစ္စည်းများကို ပြန်လည်ရောင်းချ၍ ရရှိသောငွေ၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ ရပိုင်ခွင့်နှင့် ထောက်ပံ့ငွေရငွေများ စသည်တို့ပါဝင်ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် နှစ်ရှည်စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များဖြစ်သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ ပရိဘောဂ စသည်တို့ဝယ်ယူခြင်း၊ မော်တော်ယာဉ်အကြီးစား ပြင်ဆင်ခြင်း၊ မြေဌားရမ်းခ၊ မြေယာလျော်ကြေး စသည့်ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ ပါဝင်ပါကြောင်း။

ကြွေးမြီရငွေတွင် ပြည်တွင်းပြည်ပမှ ချေးယူရငွေ၊ စုဆောင်းငွေမှ ပြန်ရငွေ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ စသည်တို့ပါဝင်ပါကြောင်း၊ ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းပြည်ပမှ ချေးယူရငွေအပေါ် အရင်းပြန်လည်ပေးဆပ်ငွေ၊ စုဆောင်းငွေ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ စသည်တို့ ပါဝင်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဌာန အဖွဲ့အစည်းများသည် သာမန်ရငွေအပိုင်းတွင် လျာထားချက်၏ ၉၄ ဒသမ ၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေအပိုင်းတွင် လျာထားချက်၏ ၈၅ ဒသမ ၅ ရာခိုင်နှုန်း၊ ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်၏ ၆၅ ဒသမ ၀ ရာခိုင်နှုန်း၊ စုစုပေါင်းရငွေတွင် လျာထားချက်၏ ၉၁ ဒသမ ၆ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသည် သာမန်သုံးငွေအပိုင်းတွင် လျာထားချက်၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းသုံးငွေအပိုင်းတွင် လျာထားချက်၏ ၆၇ ဒသမ ၁ ရာခိုင်နှုန်း၊ ကြွေးမြီသုံးငွေအပိုင်းတွင် လျာထားချက်၏ ၁၀၄ ဒသမ ၇ ရာခိုင်နှုန်း စုစုပေါင်းသုံးငွေတွင် လျာထားချက်၏ ၈၇ ဒသမ ၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ရှင်းလင်းတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၄ ရက်က ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတက်ရောက်လာသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီးဒေါ်နုနုဆွေတို့အား မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohammed Rafei Al Emadi ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးမြှင့်နိုင်စေရေးအတွက် ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်း ဆွီဒင်နိုင်ငံ အခြေစိုက် Raoul Wallenberg Institute ၏ ရန်ပုံငွေထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် လေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်မြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲ ကျင်းပခဲ့ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ စိတ်ပါဝင်စားသူ ၅၀ တက်ရောက်ကြသည်။ ထို့အတူ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ၁၀ ခုမြောက်ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အရပ်ဘက် လူမှုအဖွဲ့အစည်းအသီးသီးမှ စိတ်ပါဝင်စားသူ ၅၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ အုပ်စုဖွဲ့၍ ဆွေးနွေးတင်ပြခြင်းများဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

လွှတ်တော်မှ လိုအပ်သောဥပဒေပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် The International Bar Association's Human Right Institute (IBAHRI) မှ ဥပဒေပညာရှင်များ ဖြစ်ကြသော Ms.Shirley Pouget နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-2) အစည်းအဝေးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးစောလှထွန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဘရှိန်၊ ဦးသောင်း၊ ဦးအောင်မြသန်း၊ ဦးခင်မောင်ညို၊ ဦးစတီဖန်နှင့် ဒေါက်တာစိုးမိုးအောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် The International Bar Association's Human Right Institute(IBAHRI)အဖွဲ့မှ The Independent Lawyer's Association of Myanmar (ILAM) မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်းဖွဲ့စည်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုသောလုပ်ငန်းများ၊ လွှတ်တော်မှ လိုအပ်သော ဥပဒေပြဋ္ဌာန်းနိုင်ရေးတို့ကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဗီလစ်ပိုင်အစိုးရက လျှုဒါန်းငွေ လွှဲပြောင်းပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ၌ ဇူလိုင်လတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလွှမ်းမှု များကြောင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်သမ္မတနိုင်ငံက အမေရိကန်ဒေါ်လာ ၉၇၇၄၉ ဒသမ ၉၀ သို့မဟုတ် မြန်မာငွေကျပ် ၁၂၆၂၀၆၃၆၂ ဒသမ ၁၄ ကို ဒီဇင်ဘာ ၈ ရက်က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လွှဲပြောင်းပေးပို့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နောင်အစိုးရများလက်ထက်တွင်လည်း ပြည်သူတို့၏နေရေးအတွက် အိမ်ရာစီမံကိန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီနှင့် ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီးတင့်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း ဧရာဝတီနှင့် ရတနာအိမ်ရာ စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေတိုးတက်များပြားလာပြီး ပြည်သူတို့၏အိမ်ရာလိုအပ်ချက်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်း၍ ခေတ်မီအိမ်ရာ စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်အစိုးရအဆက်ဆက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အခြေအနေများအား ခြုံငုံသုံးသပ်၍ တစ်နေရာတည်းတွင် စီမံကိန်းဧရိယာအတွင်း၌ပင် ကျောင်း၊ ဆေးရုံ၊ အားကစားကွင်း၊ စျေး၊ Bus Terminal စသည့် လူမှုနေထိုင်မှုအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်း၍ နေထိုင်နိုင်သည့် အိမ်ရာများနှင့် အလုပ်လုပ်ကိုင်ကြမည့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များနှင့် အနီးဆုံးသွားလာမှုလွယ်ကူစေမည့်နေရာတွင် စုစုစည်းစည်းမြို့ငယ်သဖွယ် နေထိုင်နိုင်သည့် ယခုကဲ့သို့ အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အိမ်ရာစီမံကိန်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူတို့၏ နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနကဦးဆောင်၍ စီစဉ်ပြီးဆောက်လုပ်ရေးကုမ္ပဏီများပါဝင်၍ တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင်း ပြည်သူတို့၏နေရေးအတွက် အိမ်ရာစီမံကိန်းများ ဆောင်ရွက်သကဲ့သို့ မြို့တွင်းသွားလာရေး လွယ်ကူအဆင်ပြေစေရန် ခုံးကျော်တံတားများအား တည်ဆောက်ပေးလျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင် မကြာမီနှစ်များအတွင်း လူဦးရေ ၁၀ သန်းဖြစ်ပေါ်လာမှာဖြစ်၍ နောင်အစိုးရများလက်ထက်တွင်လည်း ပြည်သူတို့၏နေရေးအတွက် အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခု ဧရာဝတီနှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကြိုတင်မျှော်မှန်း၍ နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဖွဲ့စည်းတည်ထောင်ပေးထားခဲ့ပါကြောင်း၊ နှစ်စဉ် လူဦးရေတိုးတက်နှုန်းများနှင့် နေထိုင်ရန် အဆောက်အအုံများ လိုအပ်ချက်များရှိနေမည်သာ ဖြစ်ပါ၍ စီမံကိန်းလုပ်ငန်းများကို ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဧရာဝတီနှင့် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က အိမ်ရာစီမံကိန်းဆိုင်ရာအချက်အလက်များဌာနကဆောင်ရွက်သည့် ပထမဦးစားပေးအဆောက်အအုံ ၁၁ လုံး ဆောင်ရွက်ပြီးစီးမှု၊ ကုမ္ပဏီများက ဆောင်ရွက်သည့် ဒုတိယဦးစားပေး ၃၈ လုံးတို့၏ဆောင်ရွက်ပြီးစီးမှု လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ပြီးစီးမှုကိုရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီးဦးစီးတင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးဦးစီးသိန်းက ခေတ်အဆက်ဆက် ယခုအစိုးရများ လက်ထက်တွင် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယင်းအိမ်ရာစီမံကိန်းများမှာလည်း နှစ်ပေါင်းသက်တမ်းကြာမြင့်လာပြီဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်နှင့်အညီ အိမ်ရာများကို အသစ်ပြန်လည် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအိမ်ရာစီမံကိန်းမှာ ယခင်ခေတ်အဆက်ဆက် အိမ်ရာစီမံကိန်းများ၏ အားနည်းချက်/အားသာချက်များအား ခြုံငုံသုံးသပ်၍ တစ်နေရာတည်း၌ပင် လူဦးရေသိန်းပြီးစီးပါကလည်း နောက်ထပ် အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းများအတွက် ဆောင်ရွက်ရန် ယခုဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်ကုမ္ပဏီကြီးများက ဆောင်ရွက်၍ရရှိသည့် အတွေ့အကြုံ၊ စက်ပစ္စည်း၊ ယန္တရားများ၊ လုပ်သားအင်အားများဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းလုပ်ငန်းများ ကြိုးကြိုးစားစား ဆောင်ရွက်ကြပါရန်မှာကြားပြီး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဟန်းမြို့နယ် လင့်လမ်း(ရွှေဂုန်) အိမ်ရာ၊ ပိုလ်တထောင်မြို့နယ် (၅၁) လမ်းအဆင်မြင့်ကွန်ဒိုမီနီယံအိမ်ရာ ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ ဧရာဝတီနှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လင့်လမ်း(ရွှေဂုန်)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပိုလ်တထောင်မြို့နယ် ၅၁ လမ်း အိမ်ရာအဆင့်မြင့်ကွန်ဒိုမီနီယံအိမ်ရာ စီမံကိန်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံဆိပ်ကမ်းမြို့နယ်တွင်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီနှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် အထပ်မြင့်အိမ်ရာ ၁၁ လုံးနှင့်ကုမ္ပဏီများကတည်ဆောက်မည့် အဆောက်အအုံအထူးအဖွဲ့ (၂) မှ ၁၄ ထပ်အထိ အားလည်းကောင်း၊ ရွှေတောင် ၁၂ ထပ်နှင့် ၁၃ ထပ်အထိအားလည်းကောင်း၊ အဆောက်အအုံအထူးအဖွဲ့ (၁) မှ ၁၂ ထပ် ရှင်းလင်းတင်ပြခြင်းအပေါ် ဒုတိယဝန်ကြီးက ပထမဦးစားပေးအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများဖြစ်သည့် အဆောက်အအုံ ၁၁ လုံးကို သတ်မှတ်ကာလပြီးစီးရေးနှင့် ဒုတိယအဆင့် ဦးစားပေးအဆောက်အအုံ ၃၈ လုံးအတွက်လည်း လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးစီမံကိန်းအတွက် ရေရရှိရေးအတွက် မြေအောက်ရေအပါအဝင်၊ ပဲခူးမြစ်ရေကို သန့်စင်ပြီး သုံးစွဲနိုင်ရေးအတွက်ဆောင်ရွက်ခြင်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် မှာကြားပြီး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီနှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် Bus Terminal စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများပွင့်လင်းရာသီတွင် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ပြီး လုပ်ငန်းစီမံချက်များအတိုင်း ဆောင်ရွက်ရန်မှာကြားသည်။ ဆက်လက်၍ Town Center အပိုင်း(၃) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြား၍ စီမံကိန်းအခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက်မွေးဝမ်းကျောင်းအထောက်ကူပြုသင်တန်းဖွင့်လှစ်

မိုးမောက် ဒီဇင်ဘာ ၁၄

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (အခြေခံလက်သမား/ပန်းရန်သင်တန်းအမှတ် စဉ် ၁/၂၀၁၅)ဖွင့်ပွဲကို မြို့သစ်ကျေးရွာ၌ ဒီဇင်ဘာလ ဒုတိယပတ်ကကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းညွန့်က အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးရှိ ကျေးရွာလေးရွာ၌ ကျေးလက်အိမ်ရာအလုံး(၂၀) ဆောက်လုပ်ခွင့်ရ

ညောင်ဦး ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်အိမ်ရာလုပ်ငန်းများအတွက် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု တောရွာကျေးရွာနှင့် ဝါခင်းကြီးကျေးရွာအုပ်စု သဲတွင်းကျေးရွာတို့တွင် ကျေးရွာအိမ်ရာရွေးချယ်ရေးကော်မတီများ၏ ကျေးလက်အိမ်ရာ မဲနှိုက်ရွေးချယ်ပေးသည့် အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က အဆိုပါကျေးရွာများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ညောင်ဦးမြို့နယ်တွင် ကျေးလက်အိမ်ရာလုပ်ငန်းအတွက် ကျေးရွာလေးရွာ ဆောင်ရွက်ခွင့်ရရှိပြီး တစ်ရွာလျှင် အိမ်ငါးလုံးနှုန်း စုစုပေါင်း အိမ်ရာအလုံး ၂၀ ဆောက်လုပ်ခွင့်ရရှိခဲ့ကြောင်း၊ ကျေးလက်အိမ်ရာရရှိသည့်ကျေးရွာများမှာ တောရွာ၊ သဲတွင်း၊ ထရိုင်းတော၊ ကံသာယာ ကျေးရွာတို့ဖြစ်ကြောင်း၊ ကျေးလက်အိမ်ရာလုပ်ငန်းအတွက် တင်ဒါအောင်မြင်ပြီး အဆောက်အအုံမှာ ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း၊ သံဖရိန်အမျိုးအစားဖြစ်ကြောင်း၊ အိမ်ရာတစ်လုံး၏တန်ဖိုးငွေမှာ ကျပ် ၂ ဒသမ ၉၉ သန်းဖြစ်ပြီး အိမ်ရာအားလုံးအတွက် စုစုပေါင်းငွေကျပ် သန်း ၉၅ ဒသမ ၈၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၀ ရက်က ကျေးလက်အိမ်ရာ ဆောင်ရွက်ခွင့်ရသော ကျေးရွာလေးရွာသို့ သွားရောက်၍ တည်ဆောက်ရေးပစ္စည်းများစုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပြီးစီးပါက မိုဘိုင်းဖုန်းများ အမြန်ဆုံးအသုံးပြုနိုင်ရေး ဒေသခံများမျှော်လင့်

ကောလင်း ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြေနီကျေးရွာ၊ ကုက္ကို ကုန်းကျေးရွာနှင့် ငွေးတောက်တောကျေးရွာတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်လျက်ရှိရာ လုပ်ငန်းများပြီးစီးတော့မည်ဖြစ်သည်။ တာဝါဖောင်ဒေးရှင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေမှလုပ်ငန်းတစ်ခုစီအတွက် ငွေကျပ် ၄၅ သန်းဖြင့် East Boy ကုမ္ပဏီက တည်ဆောက်လျက်ရှိသည်။

ကောလင်းမြို့နယ်ရှိ ကျောက်ပြင်သာ၊ ခံသာနှင့် ဥက္ကံကျေးရွာတို့၌ မိုဘိုင်းဖုန်းဆက်သွယ်ရေး တာဝါတိုင်များတည်ဆောက်ပြီးသည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ စက်ပစ္စည်းများ တပ်ဆင်ခြင်းမရှိသည့်အတွက် မိုဘိုင်းဖုန်းများ ဆက်သွယ်ပြောဆို၍ မရသေးကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တည်ဆောက် ပြီးစီးခဲ့သော မိုဘိုင်းဖုန်းတာဝါတိုင်များကို အမြန်ဆုံးအသုံးပြုနိုင်ရေး ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကိုကိုမောင်(ကောလင်း)

ရှေ့မန္တလေး၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် စိတ္တရမဟီအဆင့်မြင့်အိမ်ရာ

ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အစိုးရမြေများပေါ်တွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများနှင့် တန်ဖိုးသင့် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနပိုင်အိမ်ရာစခန်းများတွင်လည်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းများဖြင့် အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများ နေထိုင်ရေးအခက်အခဲမရှိစေရန်အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ ဘဏ္ဍာငွေများ လျာထားသတ်မှတ်ကာ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများ တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါအိမ်ရာစီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ ၂၆×၂၇ လမ်းနှင့် ၇၃×၇၄ ကြားရှိ စိတ္တရမဟီအဆင့်မြင့်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ မတ် ၂၃ ရက်မှစတင်၍ တင်ဒါစည်းမျဉ်းနှင့်အညီ အကျိုးတူဆောက်လုပ်ခွင့် ရရှိကြသောကုမ္ပဏီဝါးခုတ် သုံးလအတွင်း ပြီးစီးအောင်တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်တွင် မဲစနစ်ဖြင့် နေရာချထားပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆင့်မြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် စိတ္တရမဟီ အိမ်ရာစီမံကိန်းရှိ အဆောက်အအုံများသည် ၁၉၅၁ ခုနှစ်တွင် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး

စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်းတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်ပေးထားသည့် ဝန်ထမ်းအိမ်ရာ တိုက်(A)ကို တွေ့ရစဉ်။

ချမ်းအေးသာစံမြို့နယ် ၂၆ နှင့် ၂၇ လမ်းကြား၊ ၇၃ နှင့် ၇၄ လမ်းကြားရှိ စိတ္တရမဟီရပ်ကွက် မြေကွက်အမှတ် ၇၂၆၊ မြေရေယာ ၄ ဒသမ ၅၃၆ ပေါ်တွင် နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၂၈ လုံးကို တည်ဆောက်ခဲ့၍ အခန်းပေါင်း ၁၁၂ ခန်းကို ဝန်ထမ်းများအတွက် အငှားချနေထိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိလာသည့် အဆောက်အအုံများ ဖြစ်သည့်အတွက် ဟောင်းနွမ်းယိုယွင်းလာသည့်အပြင် ရေပေးရေးစနစ်နှင့် မိလ္လာစနစ်တို့မှာလည်း ပျက်စီးချွတ်ယွင်းလာခဲ့သည်။

ထို့ပြင် အိမ်ရာစီမံကိန်းသည် မန္တလေးမြို့ပြဖွံ့ဖြိုးမှု၏ အဓိကနေရာနှင့်

သတင်းနှင့်ဓာတ်ပုံ ➤ မင်းထက်အောင်(မန်းကိုယ်ပွား)၊ အောင်ရဲသွင်

မန္တလေးမြို့ စိတ္တရမဟီ အဆင့်မြင့်အိမ်ရာ စီမံကိန်းပုံစံငယ်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မန္တလေးကျုံးနှင့် နန်းတော်အနီးတွင် တည်ရှိနေသဖြင့် မြို့ပြအင်္ဂါရပ်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် အိမ်ရာစခန်းကို ပြန်လည်စည်ပင်ဖွံ့ဖြိုးရန်အတွက် ပြုပြင်တည်ဆောက်ရန်လည်း လိုအပ်လာခဲ့သည်။

အဆိုပါ အဆောက်အအုံအဟောင်း၏ မူလအခန်းတစ်ခန်းမှာ အကျယ်အဝန်း စတုရန်းပေ ၄၈၀ သာရှိ၍ မိသားစုများအတွက် ပိုမိုသင့်လျော်ကောင်းမွန်သော အကျယ်အဝန်းရှိသည့် အခန်းများပါဝင်သည့် အဆောက်အအုံများအဖြစ် ပြုပြင်တည်ဆောက်နိုင်ခြင်းဖြင့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေမည့်အပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်တို့ဖြင့် အိမ်ရာစီမံကိန်းကို အသစ်ပြုပြင်ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆင့်မြင့်တည်ဆောက်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် အဆောက်အအုံအဟောင်းများကို စတင်ဖျက်သိမ်းခဲ့ပြီး အိမ်ရာစီမံကိန်းနေ အိမ်ငှားဝန်ထမ်းများအား တည်ဆောက်ရေးကာလဖြစ်သည့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လကုန်အထိ ပြင်ပတွင်အိမ်ငှားရမ်းနေထိုင်ရန် တစ်လလျှင် အိမ်ငှားခကြေကျပ်တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ ပြောင်းရွှေ့စရိတ်အဖြစ် မိသားစုတစ်စုလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် လည်းကောင်း ဌာန၏ စီမံခန့်ခွဲမှုဖြင့် ကုမ္ပဏီများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်းတွင် တည်ဆောက်ခဲ့သော အဆောက်အအုံများတွင် စုစုပေါင်းအခန်း ၃၇၈ ခန်းပါဝင်ပြီး အဆောက်အအုံ အမျိုးအစားမှာ Apartment, Condonimium, Show Room & Office, Admin Building, Shop House & Gym Hall တို့ဖြစ်ပြီး ဝန်ထမ်းများအတွက် ပြန်လည်နေရာချထားပေးရန် ဌာနမှရရှိသော အခန်းပေါင်း ၁၄၄ ခန်းတွင် ဝန်ကြီးဌာနပေါင်း ၂၃ ခုမှ ဝန်ထမ်းများ နေထိုင်ရန်အတွက် အခန်းပေါင်း ၁၃၂ ခန်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မဲစနစ်ဖြင့် ဦးစွာနေရာချထားပေးခဲ့ကာ အရန်အဖြစ်ထားရှိသော အခန်း ၁၂ ခန်းကိုလည်း ဆက်လက်၍နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

အိမ်ရာအသစ်များ စတင်အပ်နှံသည့် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်အစိုးရက နေရာဒေသများတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရသော နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေးအတွက် အခက်အခဲမရှိစေဘဲ သက်သာချောင်ချိစွာ နေထိုင်ရမှုဖြင့် လုပ်ငန်းတာဝန်များကို အေးချမ်းစွာထမ်းဆောင်နိုင်စေရန်ရည်ရွယ်ပြီး ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ နေထိုင်ကြသူများကလည်း စနစ်တကျဖြင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွက် အဆောက်အအုံ ငါးလုံးကို အကျိုးတူတည်ဆောက်ပေးခဲ့ရာ အဆောက်အအုံ တစ်လုံးလျှင် ၃၁၅ ကေဗွီအေရှိ ထရန်စဖော်မာများ တပ်ဆင်ပေးထားပြီး ရေရရှိရေးအတွက် တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ထွက်သော နှစ်လက်မအဝီစိတွင်း တူးဖော်ပေးခြင်းများအပြင် ရေတင်စက်၊ ရေတွန်းစက်၊ ဓာတ် လှေကား၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထုတ်မြောင်းစနစ်နှင့် ရေဆိုးသန့်စင်စက်များလည်း ထည့်သွင်း ဆောင်ရွက်ထားရှိသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ရန် ကျန်ရှိသော လမ်းနှင့် ရေမြောင်းများကို ယခု ဒီဇင်ဘာလအပြီး ဆောင်ရွက်လျက်ရှိပြီး ကွန်ဗိုမီနီယံများ၊ ရုံး၊ အဆောက်အအုံနှင့် ဆိုင်ခန်း၊ ပြခန်းများကို လာမည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

မန္တလေးမြို့ရှိ စိတ္တရမဟီ ပြန်လည်ဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းမှ ပေါ်ထွက်

စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်းတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်ပေးထားသည့် ဝန်ထမ်းအိမ်ရာ တိုက်(D)ကို ညပိုင်းမှ်တွေ့ရစဉ်။

လာသော တိုက်ခန်းများတွင် ဝန်ထမ်းမိသားစုများအား ပြန်လည်နေရာချထားပေးခဲ့ရာ မူလအခန်းအကျယ် စတုရန်းပေ ၄၈၀ သာရှိခဲ့ရာမှ ယခုအခါ ၆၂၅ စတုရန်းပေရှိသော တိုက်ခန်းသစ်များ၌ ပြောင်းလဲနေရာချထားပေးနိုင်ခဲ့ခြင်းကြောင့် ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ လူနေမှုအဆင့်အတန်းတစ်ရပ်ကို မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ရာ စိတ္တရမဟီအဆင့်မြင့် အိမ်ရာသည် မန္တလေးမြို့တော်၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များနှင့်အတူ ယှဉ်တွဲ၍ ပန်တင့်လျက်ရှိနေပြီ ဖြစ်ပါတော့သည်။

အရှိန်လွန်သည့်ကား တည်းခိုခန်းအတွင်းထိုင်သွား

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ တည်းခိုခန်းအတွင်းသို့ ဒီဇင်ဘာ ၁၃ ရက် ည ၉ နာရီကျော်ခန့်က ကိုယ်ပိုင်ယာဉ်တစ်စီး အရှိန်ဖြင့် ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။ **(ယာဝုံ)** ဖြစ်စဉ်မှာ ကမ်းနားလမ်းအတိုင်း အလုံမြို့နယ်ဘက်မှ ကြည့်မြင်တိုင်မြို့နယ်ဘက်သို့ ယာဉ်မောင်း ဦးအောင်ကျော်စိုး (၄၈နှစ်) မောင်းနှင်လာသော 6I/----နစ်ဆန်းအမျိုးအစားယာဉ်သည် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် လမ်းထိပ်အရောက်၌ အရှိန်မထိန်းနိုင်မှုကြောင့် လမ်းလယ်ရှိ ကွန်ကရစ်တုံးများကို ဝင်ရောက်တိုက်မိပြီး လမ်းယာဘက် ထီးတန်း(၂)လမ်းထိပ်ရှိ ကျော်တည်းခိုခန်းအတွင်းအထိ ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လမ်းအလယ်ရှိ ကွန်ကရစ်တုံးများပျက်စီးပြီး ကွန်ကရစ်တုံးတစ်တုံးမှာ တည်းခိုခန်းရှေ့အထိ လွင့်ပါလာရာ တည်းခိုခန်းရှေ့ပလက်ဖောင်းပေါ်၌ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီးနှင့် စက်ဘီးတစ်စီးကိုတိုက်ပြီး တည်းခိုခန်းရှေ့အကာအရံမှန်ခန်းကို ဖြတ်ကျော်ဝင်ရောက်မှုကြောင့် အတွင်းကောင်တာခုံနှင့်အကာအရံများ ပျက်စီးဆုံးရှုံးခဲ့သည်။ ဝင်ရောက်တိုက်သောယာဉ်မှာ ရှေ့ပိုင်းတစ်ခုလုံးပျက်စီးခဲ့သည်။ အရှိန်ပြင်းထန်စွာ ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သော်လည်း ယာဉ်မောင်းနှင့် အခြားလူ တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ဘော်ဂါသွေး

ITF အာရှ U-14 Development Championships 2016 အုပ်စု-၂ အားကစားပြိုင်ပွဲ မြန်မာတင်းနစ်ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ITF အာရှ U-14 Development Championships 2016 အုပ်စု-၂ အားကစားပြိုင်ပွဲတွင် မြန်မာတင်းနစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အားကစားသမား ခြောက်ဦးပါ မြန်မာအမျိုးသားအသင်းက အုပ်စု-၂ တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရပြီး ထူးချွန်အားကစားသမားများ ပါဝင်သည့်အဖွဲ့က အုပ်စု-၁တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ပြောသည်။

ထူးချွန်တင်းနစ်အားကစားသမားသစ်များကို မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာတင်းနစ်အဖွဲ့ချုပ်သည် အချို့ကျောင်းများတွင် တင်းနစ် ဗဟုသုတဟောပြောပွဲများနှင့် သရုပ်ပြပွဲများအပါအဝင် တင်းနစ်အားကစားကွင်းများ ပြန်လည်ပြင်ဆင်ခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ITF အာရှ U-14 Development Championships 2016 အားကစားပြိုင်ပွဲတွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ် (မကာအို)၊ မလေးရှား၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာနှင့် တက်ခ်မန်နစ္စတန်နိုင်ငံတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တင်လင်းအောင်

စွယ်တော်မြတ်စေတီတော် (မန္တလေး) ရွှေကြာသင်္ကန်းတော် ရက်လုပ်လျှုဒါန်းပူဇော်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၄

အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) အကြိမ်(၂၀)မြောက် ရွှေကြာသင်္ကန်းတော် ရက်လုပ်လျှုဒါန်းပူဇော်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက်ညနေ ၆ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းဝိုးမြင့်နှင့် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းအောင်တို့က ရွှေကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရွှေကြာသင်္ကန်းတော် ရက်လုပ်လျှုဒါန်းပူဇော်ပွဲ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် (ကိုယ်စား) တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ သစ်တောနှင့် သတ္တုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ပန်း၊ ရေချမ်း ဆက်ကပ်လျှုဒါန်းပူဇော်ပြီး စေတီတော်ရင်ပြင်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပသည်။ **(ယာပုံ)**

ည ၈ နာရီတွင် စွယ်တော်မြတ်စေတီတော် (မန္တလေး) ဂေါပကအဖွဲ့နှင့် အလျှုရှင်များ၏ မီးပုံးပျံလွှတ်တင် ပူဇော်ပွဲများကျင်းပပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **တင်မောင်(မန္တလေး)**

❒ *ကျောပုံးမှ*

ဒါဆိုရင် စစ်ကိုင်းပြတ်ရွှေ့မှာ ပြဿနာဖြစ်နေပြီလို့ သုံးသပ်လို့ရတာပေါ့။

မေး။ ။ စစ်ကိုင်းပြတ်ရွှေ့မှာ ပြဿနာရှိနေပြီဆိုရင် အင်အားပြင်းလျင်လှုပ်နိုင်တဲ့ အခြေအနေမျိုးရှိနိုင်သလားဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ။ ။ တိတိကျကျတော့ ပြောလို့မရဘူးပေါ့။ လျင်ဆိုတာ အခုချိန်ထိ ကြိုတင်ပြီး အတိအကျလှုပ်မယ်လို့ တွက်ချက်နိုင်မှုတွေ၊ နောက်ပစ္စည်းကိရိယာရော၊ နည်းပညာပိုင်းဆိုင်ရာရော ကျေနပ်လောက်စရာမရှိသေးပါဘူး။ ဒါပေမယ့် မှတ်တမ်းတွေအရ သုံးသပ်မှုပြုတဲ့အခါ လျင်လှုပ်နိုင်တဲ့အနေထားရှိတယ်။ သတိပြုကြရမယ်။ အများကြီးစိုးရိမ်စရာဖြစ်နေဖို့ မလိုပါဘူး။ သတိထားရမယ့်အခြေအနေတော့ ရှိနေတာပေါ့။

မေး။ ။ ဒါဆိုရင် ပြီးခဲ့တဲ့လက အင်းတော်မြို့အနီးမှာ မြေပြင်မြင့်တက်တာနဲ့ မြေသားကွဲအက်တာတွေဖြစ်ပေါ်တာကရော ကနီမှာ မြေလျင်လှုပ်တာနဲ့ ဆက်စပ်မှုရှိနိုင်သလားဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ အင်းတော်မှာ မြေသားမြင့်တက်မှုနဲ့ ကနီမှာ မြေလျင်ငယ်တွေ လှုပ်တာနဲ့ပတ်သက်ပြီး ဆက်စပ်မှုတော့ရှိနေတယ်။ ဒါကစစ်ကိုင်းပြတ်ရွှေ့ကြောင့်သက်ဆိုင်တယ်။ အင်းတော်မြို့အင်းတော်-ဗန်းမောက် ကားလမ်း မိုင်တိုင်အမှတ်(၂၀/၃)မှာ မြေပြင်အမြင့် သုံးပေခန့် မြင့်တက်ခဲ့ပြီး အင်းတော်ကန်နဲ့ ပေ ၁၅၀ ခန့်အကွာမှာ လယ်မြေတွေမှာ ကွဲအက်မှုတွေ ဖြစ်ပေါ်တာဟာ အင်းတော်ကန်မြေအောက်မှာ စစ်ကိုင်းပြတ်ရွှေ့က ခွဲထွက်လာတဲ့ ပြတ်ရွှေ့တွေမှာ ပြတ်ရွှေ့ငယ်တွေ ဖြာထွက်နေတယ်။ အဲဒီပြတ်ရွှေ့ငယ်တွေမှာ ပြောင်းပြန်ပြတ်ရွှေ့အရွှေ့တွေကြောင့် မြေပြင်မြင့်တက်မှု၊ ကျောက်သားမြင့်တက်မှုတွေ ဖြစ်ပေါ်လာတာပါ။ အင်းတော်ဆိုတာကလည်း စစ်ကိုင်းပြတ်ရွှေ့ရဲ့ အရွှေ့ကြောင့် ထွက်ပေါ်လာတဲ့ သဘာဝကန်ဖြစ်ပါတယ်။

မေး။ ။ ဒါဆိုရင် မြန်မာနိုင်ငံမှာ စစ်ကိုင်းပြတ်ရွှေ့က လျင်ဖြစ်ပေါ်မှုတွေ အများဆုံးဆက်စပ်နေတာလားဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ စစ်ကိုင်းပြတ်ရွှေ့က စစ်ကိုင်းဒေသကနေပြီး တောင်ဘက်မုတ္တမ ပင်လယ်အတွင်းအထိ ကီလိုမီတာ ၁၀၀၀ ကျော်ရှည်ပါတယ်။ အဲဒီစစ်ကိုင်းပြတ်ရွှေ့အပိုင်းငါးပိုင်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအပိုင်းတွေက မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ဒေသရှိ စစ်ကိုင်းပြတ်ရွှေ့မှ ဖြာထွက်သွားတဲ့ ပြတ်ရွှေ့ခွဲများအပိုင်း၊ သပိတ်ကျင်းမြို့အနီးမှ စစ်ကိုင်းမြို့အထိအပိုင်း၊ စစ်ကိုင်းမြို့မှ သာစည်-ပျော်ဘွယ်အပိုင်း၊ သာစည်-ပျော်ဘွယ်မှ ပဲခူးမြို့အနီးအထိ အပိုင်း၊ ပဲခူးဘုရားကြီးမှ မုတ္တမပင်လယ်ကမ်းစပ်အထိ အပိုင်းတွေဖြစ်ပါတယ်။ စစ်ကိုင်းပြတ်ရွှေ့လို့ခေါ်တာကလည်း စစ်ကိုင်းမြို့ပတ်ဝန်းကျင်မှာ ထင်ထင်ရှားရှားတွေ့ရပြီး စစ်ကိုင်းမြို့ကို တည့်တည့်ဖြတ်သန်းသွားလို့ပါပဲ။ အဲဒီလိုပြတ်ရွှေ့အပိုင်းတွေကြောင့် မြန်မာနိုင်ငံနေရာအများအပြားမှာ လျင်လှုပ်မှုတွေဟာ စစ်ကိုင်းပြတ်ရွှေ့နဲ့ ဆက်စပ်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

မေး။ ။ စစ်ကိုင်းပြတ်ရွှေ့ဟာ လှုပ်ရှားမှုရှိနေတာလား၊ စစ်ကိုင်းပြတ်ရွှေ့ရွှေ့လျားမှုကြောင့် လှုပ်ခဲ့တဲ့လျင်တွေကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ စစ်ကိုင်းပြတ်ရွှေ့ဟာ မြန်မာကျောက်ချပ်နဲ့ အင်ဒိုချိုင်းနားကျောက်ချပ်တို့ တစ်ချပ်နဲ့တစ်ချပ်ဆုံရာ ကီလိုမီတာ ၁၀၀၀ ကျော်ရှည်တဲ့ အနားသတ်တစ်လျှောက်ဖြစ်ပါတယ်။ စစ်ကိုင်းပြတ်ရွှေ့တစ်လျှောက် မြန်မာကျောက်ချပ်ဟာ အလျားလိုက် တစ်နှစ်ကို မီလီမီတာ ၂၀ ခန့် ရွှေ့မျောနေပါတယ်။ ရွှေ့မျောနှုန်းက အလွန်နည်းတာမို့ အရွှေ့ကို သိသိသာသာ မခံစားရတာပါ။ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်လျင်အားလုံးနီးပါးဟာ စစ်ကိုင်းပြတ်ရွှေ့နဲ့ အနီးဝန်းကျင်တွေမှာ ဖြစ်ပွားခဲ့တာတွေ့ရပါတယ်။ အဲဒီ လျင်တွေကတော့ ၁၉၂၉ ခုနှစ် ဩဂုတ် ၈ ရက်မှာ လှုပ်ခဲ့တဲ့ ဆွာလျင်၊ ၁၉၃၀ ပြည့်နှစ် မေ ၅ ရက်မှာ လှုပ်ခဲ့တဲ့ ပဲခူးလျင်၊ ၁၉၃၀ ပြည့်နှစ် စက်တင်ဘာ ၁၆ ရက်မှာ လှုပ်ခဲ့တဲ့ ဖဒိုလျင်၊ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက်မှာ လှုပ်ခဲ့တဲ့ ရွှေဘိုလျင်၊ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက်မှာ လှုပ်ခဲ့တဲ့ ဖြူးလျင်၊ ၁၉၃၁ ခုနှစ် မေ ၄ ရက်နဲ့ ၁၆ ရက်တွေမှာ လှုပ်ခဲ့တဲ့ ပဲခူးလျင်၊ ၁၉၃၁ ခုနှစ် ဩဂုတ် ၁၀ ရက်မှာလှုပ်ခဲ့တဲ့ ဗျင်းမနားလျင်၊ ၁၉၃၁ ခုနှစ် ဩဂုတ် ၁၉ ရက်မှာ လှုပ်ခဲ့တဲ့ ကျောက်ဆည်လျင်တွေပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၂၇ ခုနှစ်က လှုပ်ခဲ့တဲ့ ရန်ကုန်လျင်၊ ၁၉၇၅ ခုနှစ်မှာ လှုပ်ခဲ့တဲ့ ပုဂံလျင်၊ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ လှုပ်ခဲ့တဲ့ တောင်တွင်းကြီးလျင်၊ ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်က လှုပ်ခဲ့တဲ့ တာလေဝလျင်တို့ ဖြစ်ပါတယ်။

မေး။ ။ လျင်ကို ကြိုတင်ခန့်မှန်းနိုင်တဲ့ ခေတ်မီကိရိယာတွေ မြန်မာနိုင်ငံမှာ တပ်ဆင်ထားတာတွေ ရှိပါသလား။

ဖြေ။ ။ ရှိပါတယ်။ စစ်ကိုင်းပြတ်ရွှေ့ရဲ့ အနောက်ဘက်မှာ လျင်လှုပ်မှုကို တိုင်းတာနိုင်တဲ့ GPS နှစ်လုံး၊ စစ်ကိုင်းပြတ်ရွှေ့ရဲ့ အရှေ့ဘက်မှာ GPS နှစ်လုံး၊ ပဲခူးနဲ့ ကျိုက်ထီးရိုးအနီးတစ်ဝိုက်မှာ အရှေ့ဘက်နှစ်လုံး၊ အနောက်ဘက်နှစ်လုံး၊ အားလုံး GPS ရှစ်လုံးတပ်ဆင်ထားပါတယ်။ GPSကို အသုံးပြုထားတဲ့အတွက် လျင်လှုပ်နိုင်ခြေကို ခန့်မှန်းနိုင်ရုံမကဘဲ လျင်လှုပ်မှုကြောင့် မြေတွင်းပြတ်ရွှေ့ကွာဟမှုကိုလည်း ဖော်ထုတ်ပေးနိုင်ပါတယ်။ လျင်လှိုင်းဖြန့်ကြက်သွားပုံနဲ့ လျင်တုန်ခါမှု အတိုင်းအတာကိုလည်း တွက်ချက်နိုင်ပါတယ်။

မေး။ ။ သဘာဝတရားတွေကလည်း လျင်လှုပ်မှာကို ကြိုတင်ခန့်မှန်းလို့ ရနိုင်တယ်လို့ ပြောဆိုနေကြတာတွေအပေါ် ဘယ်လိုမှတ်ချက်ပေးလိုပါသလဲ။

ဖြေ။ ။ ဒါကလည်း လုံးဝပစ်ပယ်လို့တော့ မရပါဘူး။ လျင်မလှုပ်မီမှာ ဒေသအတွင်း မမြင်ဖူး၊ မရှိဖူးတဲ့ငါးမျိုးတွေ ရောက်လာတာ။ ရေအိုင်ထဲကငါးတွေ ခုန်ပျံထွက်လာတတ်တာ၊ အချို့ငါးတွေက ပင်လယ်မှ ကမ်းခြေကို ရောက်ရှိလာတာ၊ တချို့ငါးတွေက လျင်မလှုပ်မီမှာ ပျောက်ကွယ်သွားတာ၊ အိမ်မွေးခွေးတွေ အော်ဟစ်နေတတ်တာ။ အိမ်ကြွက်တွေ လှုပ်ရှားသွားလာမှု မရှိသလောက် ပျောက်သွားတာ၊ ငှက်၊ ဘဲ၊ ကျီး၊ ပျံလွှား စတဲ့ ငှက်တွေအုပ်လိုက်ရွှေ့ပြောင်းသွားတာ၊ ရာသီဥတုမှာလည်း ကောင်းကင်မှာ မြူတွေဆိုင်းနေတတ်တာ၊ ထူးဆန်းတဲ့ မြေသင်းနံ့တစ်မျိုး ခံစားရတာ၊ ကြယ်တွေ မြူးပြီး တောက်ပနေတတ်တာတွေက ရက်ပိုင်းအတွင်း လျင်လှုပ်တော့မယ်ဆိုတဲ့ သဘာဝသတိပေးချက်တွေလို့ မှတ်ယူနေကြပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာလျင်ဘေးကြိုတင်ကာကွယ်မှု ၊ ကြိုတင်လေ့ကျင့်မှု အပိုင်းတွေ အားနည်းနေတယ်လို့ မြင်ပါတယ်။

ဖြေ။ ။ ဟုတ်ပါတယ်။ လျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအပိုင်းမှာ အားနည်းချက်ရှိနေဆဲပါ။ လျင်လေ့ကျင့်မှုတွေလည်း မတွေ့ရသလောက်နည်းနေဆဲပါ။ လျင်ဘေးအန္တရာယ်ဆိုတာ တစ်နိုင်ငံလုံးအရေးဖြစ်ပါတယ်။ လျင်ဆိုင်ရာ အသိပညာပေးမှုတွေ၊ စုပေါင်းလေ့ကျင့်မှုတွေကို မပြတ်တမ်း ပြုလုပ်သင့်ပါတယ်။ အဲဒီလို လေ့ကျင့်မှုလုပ်နိုင်ဖို့အတွက် အစိုးရအပါအဝင် အားလုံးပိုင်းဝန်းလုပ်ဆောင် အကောင်အထည်ဖော်မှသာ ရပါလိမ့်မယ်။

မအူပင်မြို့ ကုက္ကိုစုကျေးရွာတွင် တိုးမြစ်ရေတိုက်စားကမ်းပြိုသဖြင့် လူနေအိမ်လေးလုံးပျက်စီး

မအူပင် ဒီဇင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် လေးအိမ်စု ကျေးရွာအုပ်စု ကုက္ကိုစုကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက်က တိုးမြစ်ရေတိုက်စားပြီး ကမ်းပါးမြေသားပြိုကျမှုကြောင့် **(ယာပုံ)**လူနေအိမ်လေးလုံး မြစ်ထဲသို့ ကျဆင်းပျက်စီးသွားပြီး ငါးလုံးမှာ ပျက်စီးသွားခဲ့သည်။

မြစ်ရေတိုက်စား ကမ်းပြိုရာတွင် အိမ်ထောင်စုကိုးစု လူဦးရေ ၃၂ ဦး၊ စိုးရိမ်ရသည့် အိမ်ခြေ ၁၅ လုံးခန့်ရှိပြီး မိသားစုများအား ကမ်းနှင့်ဝေးသည့် နေရာတွင် ယာယီတဲများထိုး၍ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

မြစ်ရေတိုက်စားမှုကြောင့် တာများအိုနေသဖြင့် မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မအူပင်ခရိုင် တာဝန်ခံ ဦးဝင်းဌေးနှင့် ကျေးရွာမှ တာဝန်ရှိသူများက တားဆီး ကာကွယ်ရေးလုပ်ငန်းများနှင့် မြစ်ရေတိုက်စား၍ ကမ်းပြိုမှုကျရောက်သည့် မိသားစုဝင်များအား ထောက်ပံ့ ပစ္စည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လွိုင်ကော်အကျဉ်းထောင်ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဒီဇင်ဘာ ၁၄

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်သည် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်၊ လွိုင်ကော်ခရိုင် တရားသူကြီး ဒေါ်တင်တင်မာတို့နှင့်အတူ ဒီဇင်ဘာလဒုတိယပတ်က လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ကြီးက အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါအခွင့်အရေးများရရှိမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်တရားသူကြီးချုပ်က အကျဉ်းသား၊ အကျဉ်းသူများနှင့် အချုပ်တရားခံများကို အကျဉ်းဆောင်များ၌ လိုက်လံတွေ့ဆုံပြီး နေထိုင်မှု၊ စားသောက်မှု၊ ကျန်းမာရေး၊ ဆေးကုသခံယူမှု၊ ကိုးကွယ်မှုစသည်တို့နှင့် စပ်လျဉ်း၍ အကျဉ်းသားများ၏ ရပိုင်ခွင့်ကိစ္စများရရှိမှု ရှိမရှိကို မေးမြန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာကျော်ဂုတ်ထိပ်တံတားပေါ် လမ်းလျှောက်ခြင်း တားမြစ်

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

မန္တလေး-လားရှိုး ရထားလမ်းပိုင်းနောင်ချိုမြို့အနီးရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးဆီသို့ ယခုရက်ပိုင်းအတွင်း လာရောက်လေ့လာလည်ပတ်သူများ အဆက်မပြတ်ရှိနေရာ စနေ၊ တနင်္ဂနွေနှင့် အခါကြီးရက်ကြီးများတွင် လာရောက်သူပေါင်းထောင်ချီ၍ ရှိနေကြောင်း သိရသည်။

တံတားကြီးသည် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားကြီးဖြစ်နေသကဲ့သို့ ရှုခင်းများနှင့် သာယာလှပမှု၊ အံ့သြဖွယ်ရာ အများအပြားကို လေ့လာတွေ့ရှိရမှု၊ တံတားပေါ်သည်းထိတ်ရင်ဖို လမ်းလျှောက် ဖြတ်သန်း၍တစ်ဖက်တွင်ရှိသော မီးရထားလိုဏ်ဂူအတွင်းစုဝေး၍ ပျော်ရွှင်စွာ ဝင်ထွက်သွားလာနိုင်မှုနှင့် လှပဆန်းပြားသော မှတ်တမ်းဓာတ်ပုံ၊ အလှဓာတ်ပုံများ ရိုက်ယူနိုင်မှုတို့ကြောင့် ပြည်သူများ နေ့စဉ်လာရောက်လည်ပတ်နေကြသော်လည်း တံတားကြီး၏ သတ်မှတ်အာမခံသက်တမ်းကုန်ဆုံးနေခြင်း၊ နှစ်ပေါင်းတစ်ရာကျော်တိုင် စစ်ဘေးဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ခိုင်ခံ့မှုအားနည်းလာခြင်းစသည်တို့အပြင် လာရောက်လည်ပတ်ကြသူများ၏ စည်းကမ်းမဲ့စွာ ပြုမူလုပ်ဆောင် ဆော့ကစားမှုများ၊ အရက်သေစာသောက်စား၍ တံတားပေါ်တွင် မဆင်မခြင်ပျော်ရွှင်မှုများ၊ ပေပေါင်း ၁၀၀၀ ကျော်အမြင့်ရှိ အကာအရံမဲ့ တံတားပေါ်တွင် လူပေါင်းများစွာ ကြိတ်ကြိတ်တိုးသွားလာနေရမှုနှင့် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော မန္တလေး-လားရှိုး အစုန်အဆန်ရထားများနှင့် ကုန်ရထားများကို အနှောင့်အယှက်များစွာ ဖြစ်ပေါ်နေမှုတို့နှင့်အတူ အခြားသော အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် အကြောင်းများကြောင့် မြန်မာ့မီးရထားက အများပြည်သူ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာနိုင်သည့်အရေးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လည်းကောင်း၊ တံတားကြီး၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်အနေဖြင့်လည်းကောင်း ဒီဇင်ဘာ ၁၅ ရက်မှစတင်ပြီး အများပြည်သူတို့ ဂုတ်ထိပ်တံတားကြီးပေါ်သို့ လမ်းလျှောက်ဖြတ်သန်းသွားလာခွင့်ကို တားမြစ်လိုက်ကြောင်း သိရသည်။

ဤကဲ့သို့ တံတားပေါ်သို့ ဖြတ်သန်းသွားလာခွင့်ကို တားမြစ်ရခြင်းမှာ တခြားအကြောင်း တစ်စုံတစ်ခုကြောင့်မဟုတ်ရဘဲ တံတားကြီးရေရှည် တည်တံ့ခိုင်မြဲရေး ရှေးရှု၍ လည်းကောင်း၊ မိဘပြည်သူများ အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်မျိုးစုံတို့ကို ကြိုတင်ကာကွယ်ပေးသည့်အနေဖြင့်လည်းကောင်း ကန့်သတ်တားမြစ်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ကမ္ဘာကျော် ဂုတ်ထိပ်တံတားပေါ်သို့ ခရီးသွားများ လမ်းလျှောက်လေ့လာနေကြသည်မှာ အလွန်အန္တရာယ်များလှသည်ကို တွေ့ရစဉ်။



ကံမမြို့နယ်၌ ဝမ်းပျက် ဝမ်းလျှောဖြစ်ပွားမှုကို အချိန်မီကုသနိုင်ခဲ့

ကံမ ဒီဇင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ဓမ္မသော်ကျေးရွာအုပ်စု နံကပ်ကျေးရွာ၌ ဒီဇင်ဘာ ၁၃ ရက်က ဦးဉာဏ်မြင့်-ဒေါ်ခင်မာရီတို့နေအိမ်၌ ကျင်းပသော မင်္ဂလာဆောင်၌ တည်ခင်းဧည့်ခံကျွေးမွေးသည့် ငါးသလောက်ပေါင်းဟင်းကို စားသုံးခဲ့ကြသူများအနက် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၄ ဦးတို့မှာ ညနေ ၄ နာရီတွင် ဝမ်းပျက် ဝမ်းလျှောအော့အန်လက္ခဏာများ စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါလူနာများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သဖြင့် တစ်ဦးတစ်ယောက်မျှ မေ့မြောသည့်အဆင့်ထိ ဖြစ်ပွားမှုမရှိခဲ့ကြောင်း၊ ဆေးဝါးကုသခြင်းဖြင့် ပြန်လည်သက်သာသွားပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မိုးဝေ၏ ပြောကြားချက်အရ သိရသည်။ **ကျော်ဇေယျာဝင်း(ကံမ)**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ ဗိုရမ်တက်ရောက်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသော ASEAN+3 Young Entrepreneurs Forum သို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ခင်သက်မော်၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်မိမေအေးအေးသန့်နှင့် အသင်းဝင် ဦးဘုန်းဆုစိုးတို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
(၁၂)ကြိမ်မြောက် B.E/B.Arch/B.Tech ဘွဲ့အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များ၏ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၆-၂-၂၀၁၆ရက်(စနေနေ့) နံနက် ၉နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၇-၂-၂၀၁၆ရက်(တနင်္ဂနေနေ့) နံနက် ၉နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက်-၁၅၀၀/ (ကျပ်တစ်ထောင်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက်-၁၀၀၀/ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာ၀တ်စုံ (သို့မဟုတ်)အနောက်တိုင်း၀တ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ် /ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှ၀ယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၁-၁-၂၀၁၆ရက်(တနင်္လာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

ဧရာ၀တီတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာ၀တီတိုင်းဒေသကြီး ပုသိမ်ခရိုင်နှင့် ပုသိမ်မြို့နယ်စုပေါင်းရုံးနှစ်ထပ် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းအား စိတ်ပါ၀င်စားသော ဒေသခံ၊ ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာ၀တီတိုင်းဒေသကြီးကော်မရှင်အဖွဲ့ရုံး၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့)
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၂၈-၁၂-၂၀၁၅ရက် (တနင်္လာနေ့)
(ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် - ညနေ ၄း၃၀နာရီ
(ဃ) ဆက်သွယ်ရမည့်ဖုန်း - ၀၄၂-၂၁၈၉၀၊ ၀၉-၅၃၂၀၂၈၆

တင်ဒါရွေးချယ်ရေးအဖွဲ့
ဧရာ၀တီတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၊
ပုသိမ်မြို့

မိခင်အမည်မှန်

မုဒုံမြို့၊ အထက(၁) စတုတ္ထတန်း(ခ)မှ မောင်သစ်ထူးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သက်သက်စံ ၁၀/မဒန(နိုင်)၁၀၇၁၅၉ ဖြစ်ပါကြောင်း။
ဒေါ်သက်သက်စံ

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၂၇၉)၊ အကျယ် (၆၀ ပေ× ၆၀ပေ)၊ (၀.၀၈၂) စေတအကျယ်ရှိ ဦးကိုကိုနိုင် အမည်ပေါက်သည့် နှစ် (၆၀) ဝရန်မြေကွက်အား၊ မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်မြဲ၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတ်ပြားသူ ဦးကိုကိုနိုင် (၁၂/မဂဒ (နိုင်) ၀၃၀၄၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသစ်လွင် (၁၂/တစန (နိုင်) ၀၃၆၁၈၄) မှ ရောင်းဖိုးစရံငွေအချို့ကို ပေးခဲ့ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တောက်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေငြာအပ်ပါသည်။

ဦးသစ်လွင်၏ "လွှဲအပ်ညွှန်ကြားချက်အရ"

ဦးကောင်နိုင်ထူး
အထက်တန်းရှေ့နေ (စဉ် ၃၈၃၇၃)
LL.B, WIPO (Switzerland)

ဦးကျော်ဌာမြင့်
အထက်တန်းရှေ့နေ (စဉ် ၃၈၇၃၀)
LL.B, D.B.L, D.L.L

အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ တောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၄၂၀၁၈၈၉၃၀၊ ၄၅၁၀၃၉၉၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ၀တ်စုံ၊ တိုင်းရင်းသား၀တ်စုံ၊ အနောက်တိုင်း(အမျိုးသား)၀တ်စုံတို့ကို အပြည့်အစုံ၀တ်ဆင်၍ တက်ရောက်နိုင်သည်။(အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ၀တ်စားဆင်ယင်မှုမျိုးဖြင့် လုံး၀တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီးတက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

လူပျောက်

ကျွန်တော် ဦးသက်လှ ၁၀/သထန(နိုင်) ၀၉၁၈၃၀၈၏သမီး မဇာခြည်ဝင်း အသက် (၃၀) (စိတ်ဝေဒနာရှင်)သည် ၁၃-၁၂-၂၀၁၅ ရက်ညနေပိုင်းတွင် နေအိမ်မှ ထွက်သွားရာ ပြန်မလာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကို တရားဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၈၇၂၀၄၄၈၊ ၀၉-၅၆၆၂၂၄၈၊ ၀၉-၄၉၇၇၃၄၇

အမျိုးသမီးငယ်တစ်ဦး ရှစ်ထပ်တိုက်ပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီက မဂ်လာတောင်ညွှန့်မြို့နယ် ကန်တော်ကလေး (အရှေ့) ရပ်ကွက် ၉၁ လမ်း အမှတ်(၁၂၁) ရှစ်လွှာယာဘက်ခန်းမှ အမျိုးသမီးငယ်တစ်ဦး အားလွန်ပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇာဘီဘာ (၁၈နှစ်)သည် အဆိုပါညက လျှော်ပြီးအဝတ်များကို တိုက်ခန်းနောက်ဖေးစင်သံတန်းဝရန်တာတွင် အဝတ်ထွက်လှန်းရာ အမြင့်ပေ ၈၀ မှ အိမ်နောက်ဖေးလမ်းကြား အုတ်ခုံနှင့် ရေမြောင်းကြားသို့ အားလွန်ပြုတ်ကျခဲ့ရာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဇာဘီဘာ (၁၈နှစ်)သည် ပဲခူးတိုင်းဒေသကြီး ဇေယျဝတီမြို့မှ ဒီဇင်ဘာ ၈ ရက်က အဆိုပါအခန်း၌ လာရောက်နေထိုင်ပြီး အခန်းပိုင်ရှင် ဦးဗာနိုးပရသား၏ တူမတော်စပ်သူဖြစ်ပြီး ကွန်ပျူတာသင်တန်း တက်ရောက်နေသူဖြစ်သည်။

ဖြစ်ပွားရာသို့ မဂ်လာတောင်ညွှန့်မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးနှင့် အမှုစစ်အဖွဲ့ဝင်များက လာရောက်စစ်ဆေးပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သန်း(မဂ်လာတောင်ညွှန့်)

ခရီးသည်တင်ဖူဆိုယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်၊ ခုနစ်ဦးသေ

ဂန့်ဂေါ ဒီဇင်ဘာ ၁၄

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် မုံရွာ-ဂန့်ဂေါကားလမ်းတွင် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ခရီးသည်တင်ကားတစ်စီး ချောက်အတွင်းထိုးကျတိမ်းမှောက်ခဲ့သဖြင့် လူခုနစ်ဦးသေဆုံးခဲ့ပြီး လေးဦး(စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း ဂန့်ဂေါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မုံရွာ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၇၅/၅-၆)အကြားတွင် ကလေးမြို့မှ မန္တလေးမြို့ဘက်သို့ ယာဉ်မောင်းပြောင်းကြီး (၃၀နှစ်)ခန့် (လိပ်စာစုံစမ်းဆဲ) မောင်းနှင်လာသော 8E/---- ခြောက်ဘီးခရီးသည်ယာဉ်သည် ကွေ့ဆင်းအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ ပေ ၅၀ ခန့်နက်သော ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် ယာဉ်ပေါ်ပါနေရပ်လိပ်စာ စုံစမ်းဆဲ ဦးမင်းသိန်း၊ ဦးဇေယျာထွန်း၊ ဦးဆန်းအောင်မြင့်၊ ဦးမဲ့ကြီး၊ ဒေါ်အေးမြတ်မွန်၊ အမည်မသိအမျိုးသမီးတစ်ဦးနှင့် (ယာဉ်မောင်း) ဦးပြောင်ကြီး စုစုပေါင်း ခုနစ်ဦးသေဆုံး၍ ဦးဇင်မင်း (၂၈ နှစ်) စစ်ကိုင်းတိုင်းဒေသကြီးနေသူ၊ ဦးစိန်လင်း(၂၉နှစ်) ဧရာဝတီတိုင်းဒေသကြီးနေသူ၊ တပ်သား ကျော်ရဲအောင် (၂၅နှစ်) ကင်ပွန်းခြံကျေးရွာ ကလေးမြို့နေသူတို့သုံးဦး (စိုးရိမ်ရ)ဒဏ်ရာနှင့် အသက်တစ်နှစ်ခွဲခန့်ရှိသော အမည်မသိ ကလေးငယ်တစ်ဦး(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ ကနဦး စစ်ဆေးချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ဂန့်ဂေါမြို့မရဲစခန်းမှ အမှုဖွင့်ထားသည်။

သတင်း-ကျော်ဧေယျ
ဓာတ်ပုံ-ရဲပြန်ကြား

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၉၈ အနီး ခရီးသည်တင်ယာဉ် တိမ်းမှောက်၊ ၁၅ ဦးဒဏ်ရာရ

မိတ္ထီလာ ဒီဇင်ဘာ ၁၄

မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၂၉၈ အနီး ရန်ကုန်ဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဒီဇင်ဘာ ၁၄ ရက် နံနက် ၄ နာရီ၂၅ မိနစ်ခန့်က တိမ်းမှောက်မှုဖြစ်ပွားပြီး ယာဉ်မောင်းအပါအဝင် ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးထွန်းမြင့် (၅၅ နှစ်) မောင်းနှင်လာသည့် ခိုင်မန္တလေးခရီးသည်တင် ယာဉ်အမှတ် 3D /---- မော်တော်ယာဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အမြန်လမ်းမိုင်တိုင်အမှတ် ၂၉၅ မိုင် ၇ ဖာလုံအရောက်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသားရှစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို မိတ္ထီလာမြို့နယ်ကြက်ခြေနီတပ်ဖွဲ့က ဒုတိယတပ်ရင်းမှူး ဦးနေဦးနှင့်တပ်ဖွဲ့ဝင်များက သွားရောက်ကူညီ၍ ခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်တိမ်းမှောက်မှုကို သီးကုန်း ၂၅၅ မိုင် အမြန်လမ်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အမှတ်(၃၃)အဆန် ကုန်ရထားတွဲချော်

နမ်းခမ်း ဒီဇင်ဘာ ၁၄

ဒီဇင်ဘာ ၁၄ ရက် နံနက် ၀၀း၁၀ နာရီက စက်ခေါင်းမောင်း ဦးအေးလွင်မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DF-1346 အမှတ်(၃၃) အဆန်ကုန်ရထားသည် ဘုံချောင်းနှင့်မဲဇာအကြား မိုင်တိုင်အမှတ် ၅၆/၉-၁၀ အကြားတွင် တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆန်ကုန်ရထား တွဲအမှတ် DLUEZ-10805 ဘီးအမှတ် ၃နှင့်၄သည် သံလမ်းအတွင်း တစ်ပေခန့်အကွာကျခဲ့ပြီး ဘီးအမှတ် ၅ နှင့် ၆ တို့မှာ သံလမ်းအပြင်ဘက် တစ်ပေခန့်အကွာကျခဲ့ရာ ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ နမ်းခမ်းရဲကင်းစခန်းမှူး ရဲအုပ်သန်းဝေဦးနှင့် အဖွဲ့တို့က လုံခြုံရေးဆောင်ရွက်လျက်ရှိပြီး နမ်းခမ်းတွဲပြင်ဌာနမှ ဦးဇာနည်ဦးနှင့်အဖွဲ့၊ နမ်းခမ်းသံလမ်းအင်ဂျင်နီယာဌာနမှ လမ်းဗိုလ်လေးဦးအောင်နိုင်နှင့်အဖွဲ့တို့က RBE ရထားစက်ခေါင်းဖြင့် သွားရောက်ပြင်ဆင်ခဲ့ရာ နံနက် ၇ နာရီတွင် ရထားလမ်းပိုင်းပြန်လည်ပွင့်ခဲ့ပြီး ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8763 Toyota Alphard ANH10 micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်အောင် ၁၂/ဥကတ(နိုင်)၀၁၀၉၇၃ က (ကမ-၃)ဗျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာဝင်း ၁၀/ကမရ(နိုင်)၁၁၈၇၉၉၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၈၀၄၅၉**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2500 Daihatsu Mira L275V, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၁၂/တမန(နိုင်)၀၀၀၃၆၈ က (ကမ-၃)ဗျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9659 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ တိုက် E၊ အခန်း ၃၀၃၊ တတိယထပ်၊ အောင်မင်္ဂလာလမ်းတွင် ဦးတင်ဝင်းချစ် ၁၄/ဖပန(နိုင်)၀၀၈၄၈၆ အမည်ဖြင့် လိုင်းခွဲအမှတ် ၇၈၉၁ ဖုန်းအားဝယ်ယူထားပါသည်။ ယခုအခါ အဆိုပါဖုန်းအား ယုဇနပလာဇာအုပ်ချုပ်မှုရုံးခန်းသို့ ပြန်လည်အပ်နှံ၍ ဖုန်းဗိုးငွေပြန်လည်ထုတ်ယူခြင်းကို ဒေါ်လှအေးမြင့် ၁၄/ပသန(နိုင်)၀၄၄၀၆၇ မှ ငွေထုတ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည်သူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ယုဇနပလာဇာ
ဒုတိယထပ်ရုံးခန်း
ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ Ext:၄၄၄၄၊ ၃၄၄၄

ကန့်ကွက်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ ကွင်းအမှတ် ၅ ဈေးပိုင်း၊ ဦးပိုင်အမှတ် ၁၀၅/၁/ခ၊ မြေဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ ဦးတက်ထွန်း ပါ-၄ ဦး အမည်ပေါက်မြေနှင့်ပတ်သက်၍ ၄-၉-၂၀၁၄ ရက်စွဲဖြင့် ဦးစည်သူစိုး ၁၂/အလန(နိုင်)၀၁၂၇၄၁ သို့ ရောင်းချထားပြီးဖြစ်ပါသည်။ ၄င်းမြေကွက်၏ မြေဌားဂရန်မူရင်းအား ကျွန်တော် ဦးစည်သူစိုးလက်ဝယ်သို့ အပ်နှံရန် ပျက်ကွက်နေပါသဖြင့် မြေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကျွန်တော် ဦးစည်သူစိုးမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ ဆောင်ရွက်ခွင့်မပြုပါကြောင်းနှင့် ဆောင်ရွက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးစည်သူစိုး
၁၂/အလန(နိုင်)၀၁၂၇၄၁
အမှတ် (၂၄၂)၊ အောင်သုခလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၀၁
ကွယ်လွန်သူ ဒေါ်ဒါခိုင်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၀/၄၂)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဒါခိုင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းဇြမ်း ပါ(၃)ဦးက အမွေဆက်ခံခွင့်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဒါခိုင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မူခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးထွန်းဇြမ်း ပါ(၃)ဦး၏ လျှောက်ထားအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၄ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အားကစားသတင်း

ကျော်ဖုံးမှ

အဖွဲ့ချုပ် ဥက္ကဋ္ဌဦးစီးနိုင်က ပြောသည်။

အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစီးနိုင်သည် ဒီဇင်ဘာ ၁၁ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လာမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံး အားကစားထည့်သွင်းကျင်းပနိုင်ရေး မလေးရှားအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မလေးရှားပိုက်ကျော်ခြင်းဥက္ကဋ္ဌနှင့်အတူ ကမ်ဘာ့ပိုက်ကျော်ခြင်းအတွင်းရေးမှူးများတက်ရောက်သော အစည်းအဝေးတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားကို ပြိုင်ပွဲ၌ ပါဝင်ထည့်သွင်းကျင်းပနိုင်ရေး ဆွေးနွေးခဲ့ရာ အာရှ နိုင်ငံများက ပိုမိုစိတ်ဝင်စားလာသဖြင့် အောင်မြင်မှုများရရှိခဲ့ပြီး လာမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံး အားကစားအဖွဲ့အနေဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

"ကျွန်တော်တို့မြန်မာ့ရိုးရာခြင်းလုံးအနေနဲ့ အခုအဖွဲ့ချုပ်လက်ထက်မှာ တော်တော်လေး တိုးတက်လာပြီး နိုင်ငံတကာကလည်းအသိအမှတ်ပြုလာတာတွေ့ရတယ်။ အခုလည်း လာမယ့်ဆီးဂိမ်းမှာ မြန်မာ့ရိုးရာခြင်းလုံးအနေနဲ့ အထိုက်အလျောက်တော့ အောင်မြင်မှုရရှိမှာပါ။ ဘာလို့လဲဆိုတော့ ပြီးခဲ့တဲ့ ဆီးဂိမ်းနှစ်ကြိမ်လုံးမှာ အောင်မြင်မှုရရှိထားသလို နိုင်ငံတကာရဲ့ အသိအမှတ်ပြုခြင်းကို ခံထားရတယ်။ ရိုးရာခြင်းလုံး မျိုးဆက်သစ်တွေအနေနဲ့ ဒီထက်အခွင့်အလမ်းကောင်းတွေ ရရှိဖို့ပိုများလာမှာပါ" ဟုရိုးရာခြင်းလုံး ဝါသနာရှင် ဦးမောင်နုက ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၃ခုနှစ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ပါဝင်ထည့်သွင်းယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့အနေဖြင့် ဒုတိယအကြိမ်သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် လာမည့်(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ရိုးရာခြင်းလုံးအားကစားပါဝင်ထည့်သွင်းကျင်းပရေး မလေးရှားနိုင်ငံသို့ သွားရောက်ဆွေးနွေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

ဥက္ကဋ္ဌ ဦးစိုးနိုင်၊ မလေးရှားအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ မြန်မာ့ရိုးရာခြင်းလုံးအားကစားပါဝင်ရေး ဆွေးနွေးပြီး တွေ့ရစဉ်။

နိုင်ငံတကာအားကစား

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် မဲနှိုက်ရွေးချယ်

နိုင်ယွန် ဒီဇင်ဘာ ၁၄

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက် တနလာနေ့က ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။ အုပ်စုပထမနှင့် ဒုတိယအသင်းများကို မဲနှိုက်ရွေးချယ်ခဲ့ရာ ဂျာ့န်နှင့် ဝုဖ်ဘတ်၊ ရိုးမားနှင့် ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီနှင့် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် ဘာစီလိုနာ၊ ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်၊ ပီအက်စ်ဗွီနှင့် အက်သလက်တီကို၊ ဘင်ဖိကာနှင့် ဇင်းနစ်၊ ဒိုင်နမိုကိုင်နှင့် မန်စီးတီးတို့ ကျရောက်ခဲ့သည်။

ပထမအကျော့ပွဲစဉ်များကို ၂၀၁၆ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၈ ရက်တွင် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲကို ၂၀၁၆ ခုနှစ် မေ ၂၈ ရက်တွင် အီတလီနိုင်ငံ မီလန်မြို့ ဆန်စီရိုကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **သီဟ**

ဘိုကလေးတွင် ဘောလုံးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ အားကစားဝန်ကြီးဌာန၏ TSDP မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘိလိယက်ပြိုင်ပွဲ၊ မာရသွန်အပြေးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများဖွင့်ပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီက ပြည်သူ့အားကစားကွင်းကြီး၌ကျင်းပရာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးသက်လွင်ထွန်းက အမှာစကားပြောကြားသည်။

ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် အသက်(၁၃)နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် သာပေါင်းကျေးရွာ ကျောင်းပေါင်းစုံအသင်းနှင့် အထက(ခွဲ)ကြိမ် ချောင်းကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ သာပေါင်းကျေးရွာ ကျောင်းပေါင်းစုံအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားကြောင်း သိရသည်။

ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်သူ့အားကစားကွင်းကြီး၌ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပြီး မိုးလုံလေလုံအားကစားခန်းမကြီး၌ အမျိုးသား(အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်း ၁၀ သင်းတို့က ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက် အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဂ)

ကျော်ဖုံးမှ

တံတောင်ကြောင့် တတိယအချီတွင် ထွန်းထွန်းမင်း မယှဉ်ပြိုင်နိုင်၍ ဆိုင်းရပ်စ်ကအနိုင်ယူထားပြီး ယခုနှစ် ဧပြီလက ဒုတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ထွန်းထွန်းမင်းက ဆိုင်းရပ်စ်ကို ငါးချီမြောက်တွင် ပြင်းထန်လှသည့် တိုက်ကွက်များဖြင့် ထွန်းထွန်းမင်း ရှုံးကြွေးဆပ်နိုင်ခဲ့သည်။ တတိယအကြိမ်တွင် ထွန်းထွန်းမင်းနှင့် ဆိုင်းရပ်စ်တို့နှစ်ဦးတွင် မည်သူက ချန်ပီယံအစစ် ဖြစ်မလဲဆိုတာ အဖြေထုတ်မည့် ပွဲတစ်ပွဲ စောင့်ကြည့်ကြရမည်ဖြစ်သည်။

အဆိုပါ စိန်ခေါ်ပွဲနှင့်အတူ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် ဝမ်းစတား(ရွှေဖုန်)၊ စောမင်းအောင်(တောင်ကလေး)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)၊ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် ကျော်ကြား(တောင်ကလေး)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် တိမ်တိုက်(ထွန်းသွင်)တို့က ငါးချီစိန်ခေါ်ပွဲများ၊ သိန်းညီညီ (T&T)နှင့် ဥဒေါင်းမင်း(ထွန်းထွန်းမင်း)၊ သျှင်ရဲထွဋ် (အဖြူရောင်သွေးသစ်)နှင့်ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)၊ ဖိုးသော်(အဖြူရောင်သွေးသစ်)နှင့် မျိုးမာန်သစ် (STL)တို့က လေးချီပွဲကောင်းများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး AIR KBZ က အဓိက ထောက်ပံ့ကူညီကာ မြန်မာမီဒီယာဂရု(ပ)က စီစဉ်ပြီး လက်မှတ်များကို ငွေကျပ် ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀ သတ်မှတ်ထားကာ ကြိုတင်လက်မှတ်များကို ဖုန်း ၀၁-၈၆၀၃၈၁၉၊ ၀၁-၅၅၈၃၈၇၊ ၀၉-၄၂၀၂၄၀၅၅၂ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ဖခင်အမည်မှန်

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အထက(၄)သာကေတမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် မသီရိထွန်း ၁၂/ဒဂဆ(နိုင်)၀၁၇၉၄ ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်နိုင် ၁၂/သလန(နိုင်)၀၁၀၉၄၀ ဖြစ်ပါသည်။ **ဦးအောင်မြင့်နိုင်**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ဈေးနှုန်းမျိုးစုံအတွက်(၄၅)၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လေဆိပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၅) နဝမတန်း(B)မှ မသိမ့်သိမ့်သွယ်၏ အမည်မှန်မှာ မသိမ့်သိမ့်ဇွယ်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးကိုကိုဦး [၇/တငန(နိုင်)၁၄၆၂၂၀] ဖြစ်ပါကြောင်း။
မသိမ့်သိမ့်ဇွယ်
ဦးကိုကိုဦး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၅ဖ၈၀၇ New ANBO 125 ယာဉ်လက်ယမ်ရှိသူ ဦးနိုင်ကျိုး ၅/ကလထ(နိုင်)၁၁၈၄၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကည၊ ပြည်နယ်ရုံး(ဟားခါး)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/၇ ရပ်ကွက်လုံးဆိုင်ရာ၊ ဗြဟ္မစိုရ်လမ်း မိသားစု
ဓမ္မစိန်ရောင်တရားပွဲဖြစ်မြောက်ရေးနှင့် နာရေးထောက်ပံ့မှုအသင်းမှ ကြီးမှူးကျင်းပသော အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်
လောကနန္ဒာစေတီအလှူတော်
သီတဂူအထူးဓမ္မသဘင်
၂၀-၁၂-၂၀၁၅ ရက် (တနင်္ဂနေ့) မှ ၂၂-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့)

၂၀-၁၂-၂၀၁၅ ရက် (တနင်္ဂနေ့)	ကိုရီးယားဆရာတော် အရှင်ဝိစိတ္တ (မနာပဒါယီ)
၁၃ရက် ခုနှစ် နတ်တော်လဆန်း ၉ ရက်	
၂၀-၁၂-၂၀၁၅ ရက် (တနလာနေ့)	မေတ္တာအေးဆရာတော် အရှင်သုဇာတ
၁၃ရက် ခုနှစ် နတ်တော်လဆန်း ၁၀ ရက်	
၂၂-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့)	သီတဂူဆရာတော် ဒေါက်တာအရှင်ဥာဏိသရ
၁၃ရက် ခုနှစ် နတ်တော်လဆန်း ၁၁ ရက်	

တရားပွဲကျင်းပမည့်နေရာ - ၅/၇ ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်းနှင့် သံသုမာလမ်းထောင့်၊ တောင်ဥက္ကလာပ
အချိန် - ညစဉ် ၇း၀၀ နာရီ
ဆက်သွယ်လျှောက်ထားရန်ဖုန်း - ၀၉-၅၁ဖ၅၅၇၂၊ ၀၉-၇၉၃၇၀၄၁၃၂၊ ၀၉-၂ဖ၁၀၁၉၅၀၉၊ ၀၁-၅၇၂ဖ၃၃

ဒလသဘော်ကျင်း A/E များ

ဒလသဘော်ကျင်းမှ ပညာသင်အင်ဂျင်နီယာအားလုံး နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်သူတိုင်း မိမိ၏ဓာတ်ပုံတစ်ပုံစီယူဆောင်လာပါရန်။

၁။ ဦးမျိုးထွန်း	- ဖုန်း-၀၉-၇၃၀၈၅၀၀၂
၂။ ဦးကျော်မြင့် (တိတ်ကီ)	- ဖုန်း-၀၉-၅၀၁၄၇၄၄
၃။ ဦးမင်းရီ	- ဖုန်း-၀၉-၂၅၀၂ဖ၉၀၃၁
ကျင်းပမည့်ရက်	- ၂၄-၁၂-၂၀၁၅ ရက် (ကြာသပတေးနေ့)
နေရာ	- ပန်ဒါစားတော်ဆက် အမှတ်(၂၀၅)၊ ၀၊တန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်
အချိန်	- ညနေ ၆ နာရီ

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ချိုချိုသိန်း ၁၂/မရက(နိုင်)၀၃၅၅၂၅ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၃၁၄

ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း
အထက(၃)တာမွေ

ယခင်ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း (ယခု အထက-၃ တာမွေ) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနေ့)တွင် အထက-၃၊ တာမွေ ဇွဲခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၄င်းနေ့နံနက်ပိုင်းတွင် ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်းဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းအမျှပေးပြီး နံနက် ၁၀း၀၀ နာရီတွင် သက်ရှိထင်ရှားရှိနေသည့် ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဦးတင်မောင်လှ ဖုန်း-၀၁-၆ဖ၃၀၇၈၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၀၀၃၇၁၂၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈ဖ၁၁၁ဖ၆၊ ဦးတင်အေး ဖုန်း-၀၁-၅၄ဖ၆၄၂၊ ဦးလှတင် ဖုန်း-၀၉-၄၂၈၂၀၄၈၈၂၊ ဦးမြင့်ဟန် ဖုန်း-၀၉-၃၀၉၁၅ဖ၀၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၀၁-၅၄၁၇၀၃ တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှင့် အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်စောခင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးဆောင်
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English	
Sat & Sun - 3:45-6:45 pm	5 Dec
Mon to Thurs-7:30-9:30 am	7,28 Dec
Mon to Thurs-1:00-3:00pm	7 Dec
MontoThurs 5:30-7:00 pm	7 Dec
Sat & Sun - 9:00-12:00 am	19 Dec
Mon to Thurs-10:00-12:00am	21 Dec
Mon to Thurs-1:00-3:00pm	21 Dec
Mon to Thurs-3:00-5:00pm	21, 28Dec
Pre-Intermediate English	
Mon to Thurs-10:00-12:00 am	7 Dec
Mon to Thurs-5:00-7:00 pm	14 Dec
Mon to Thurs-7:30-9:30 am	21 Dec
Mon to Thurs-10:30-12:30 am	28 Dec
Mon to Thurs-1:00-3:00 pm	28 Dec
Vocabulary Enrichment Course	
Mon to Thurs - 3:30-5:00 pm	14 Dec
Grammar Foundation Course	
Mon to Thurs-3:30-5:00pm	7 Dec
Mon to Thurs-1:00-2:30pm	21 Dec

Structure & Written Expression	
Sat & Sun - 3:30-6:30pm	12 Dec
Mon to Thurs - 1:00-3:00pm	21 Dec
Mon to Thurs - 5:30-7:00pm	21 Dec
Sat & Sun - 9:00-12:00am	26 Dec
Basic Writing Course	
Mon to Thurs - 1:00 - 3:00pm	7 Dec
Sat & Sun - 12:30-3:30 pm	12 Dec
Intermediate English	
Mon to Thurs-1:00-3:00 pm	28 Dec
Academic Writing Course	
San & Sun - 5:00 - 7:00 pm	12 Dec
Academic Preparation for IELTS(API)	
Mon to Thurs - 10:30 - 12:30am	7 Dec
SAT Mon to Thurs -3:30-5:00pm	7 Dec
IELTS(Foundation) Mon&Thurs 5:30to7:00pm	7 Dec
IELTS(Test Practice) San&Sun 10:30to12:30am	12 Dec
IELTS(Speaking) San&Sun 1:00to3:30pm	12 Dec

No.190, 2nd Flr.,28thSt.(Upper), Pabedan Tsp. Ph: 01-243950, 246910

နှစ်(၅၀)ပြည့် ရွှေကျွန်းတောသစ်တောကြိုးဝိုင်းမြေသို့ ခရီးတစ်ခေါက်

ကြိုးဝိုင်းတောထဲတွင် ရွှေကျွန်းတောသိုက်အမည်ရှိ သိုက်တစ်ခု ရှေးကပင် ရှိခဲ့ကြောင်း ဒေသခံများက ပြောကြသည်။ ထိုသိုက်ရှိနေခြင်းကြောင့် ရွှေကျွန်းတောအတွင်း သစ်ပင်တစ်ပင်ကိုမှ ခုတ်လှဲခွင့်မပြုကြောင်း၊ အပင်ကိုထား၍ အရွက်ကိုပင် ယူဆောင်၍မရကြောင်း၊ ပြောမှားဆိုမှားရှိပါက တောထဲမှ ပြန်ထွက်၍ မရကြောင်း၊ ဘေးတွေ့တတ်ကြောင်း ဒေသခံများ ယုံကြည်ကြသည်။ ထိုအချက်သည်ပင် ရွှေကျွန်းတောကြိုးဝိုင်းအတွင်းမှ သစ်ပင်များ လေလွင့်ဆုံးရှုံးမှုကို တားဆီးပေးနေသကဲ့သို့ဖြစ်...

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ အင်းမရွှေကျွန်းတော သစ်တောကြိုးဝိုင်းမြေသို့ အလည်တစ်ခေါက် ရောက်ရှိခဲ့သည်။ ရွှေကျွန်းတော သစ်တောကြိုးဝိုင်းမြေသည် ရန်ကုန်-ပြည်ကားလမ်းပေါ် ဝက်ပုတ်နှင့် အင်းမကြား မိုင်တိုင်(၁၅၂/၁)မှ (၁၅၂/၃) အတွင်းတွင် တည်ရှိပြီး ၂၅၄ ဧက ကျယ်ဝန်းသည်။

ကားလမ်းမပေါ်မှကြည့်လျှင် စိမ်းစိုနေသော သစ်တောတစ်ခုလုံးကို တစ်မျှော်တစ်ခေါ်ကြီး လှမ်းမြင်ရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန၏ လက်အောက်တွင် ရှားပြင်သစ်တောကြိုးဝိုင်း(၂၅၉၃၄ ဧက)၊ တရုတ်မှော်သစ်တောကြိုးဝိုင်း(၁၀၃၁၅ ဒသမ ၃ ဧက)၊ ရွှေကျွန်းတောသစ်တောကြိုးဝိုင်း(၂၅၃ဒသမ ၀၈ ဧက) သုံးခုရှိသည်။ ရွှေကျွန်းတော သစ်တောကြိုးဝိုင်းတွင် ကျွန်းပင်ပေါင်း ၄၆၅၂ ပင် စိုက်ပျိုးထားပြီး ယခုအခါ အောင်မြင်နေသော အပင်ကြီးများ ဖြစ်နေပြီဖြစ်သည်။

ရွှေကျွန်းတောသစ်တောမြေကို မြေငါးဧကတွင် ၁၉၆၅ ခုနှစ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ နှစ်ငါးဆယ် ရှိပြီဖြစ်၍ ရွှေရတုတိုင်ခဲ့ပြီဖြစ်သည်။ ထိုနှစ်ငါးဆယ် ကာလအတွင်း ရွှေကျွန်းတောသစ်တောကြိုးဝိုင်းသည် မည်မျှ ပြောင်းလဲခဲ့ပါသလဲ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ သစ်တောကြိုးဝိုင်းများအနက် ရွှေကျွန်း

တောသစ်တောကြိုးဝိုင်းသည် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့မှုကြောင့် စိမ်းစိုနေသော တောအုပ်ကြီးကို အဝေးမှပင် မြင်တွေ့နေရသကဲ့သို့ သစ်တောအတွင်း၌လည်း သစ်ပင်များလျှောနည်း ပျောက်ဆုံးမှုနည်းပါးသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုလည်းမရှိခဲ့သောကြောင့် နှစ်ငါးဆယ်အတွင်း စံပြကြိုးဝိုင်းတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်လာနိုင်ခဲ့သည်။

ရွှေကျွန်းတောကြိုးဝိုင်းမှာ ပျားစည်ရွာ၊ အရှေ့ကြိုးကုန်းရွာနှင့် ဘုရားကြီးကုန်းရွာများအကြားတွင် တည်ရှိပြီး ယင်းကြိုးဝိုင်းတောထဲတွင် ရွှေကျွန်းတောသိုက်အမည်ရှိ သိုက်တစ်ခု ရှေးကပင်ရှိခဲ့ကြောင်း ဒေသခံများက ပြောကြသည်။ ထိုသိုက်ရှိနေခြင်းကြောင့် ရွှေကျွန်းတော အတွင်း သစ်ပင်တစ်ပင်ကိုမှ ခုတ်လှဲခွင့်မပြုကြောင်း၊ အပင်ကိုထား၍ အရွက်ကိုပင် ယူဆောင်၍မရကြောင်း၊ ပြောမှားဆိုမှားရှိပါက တောထဲမှ ပြန်ထွက်၍မရကြောင်း၊ ဘေးတွေ့တတ်ကြောင်း ဒေသခံများ ယုံကြည်ကြသည်။ ထိုအချက်သည်ပင် ရွှေကျွန်းတောကြိုးဝိုင်းအတွင်းမှ သစ်ပင်များ လေလွင့်ဆုံးရှုံးမှုကို တားဆီးပေးနေသကဲ့သို့ ဖြစ်စေခဲ့ပါသည်။

၂၅၄ ဧကကျယ်ဝန်းသော ရွှေကျွန်းတော သစ်တောကြိုးဝိုင်းမြေအတွင်း ကျွန်းပင်များ လျှောနည်းမှုမရှိစေရေး၊ တောမီးလောင်ကျွမ်းမှုမှ ကာကွယ်ရေး၊ သစ်တော ဥပဒေများကို လေးစားလိုက်နာရေးတို့အတွက် စည်းရုံးဟောပြောခြင်း၊ ကြိုးဝိုင်းအတွင်း ကာကွယ်စောင့်ရှောက်

ကိုသက်(ဇီးကုန်း)

ထိန်းသိမ်းခြင်းများကို အလှည့်ကျသစ်တောဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြသည်။ သို့ရာတွင် ယင်းသို့ လုပ်ငန်းတာဝန်ကြီးမားလှသော်လည်း ဝန်ထမ်းအင်အားမှာ နည်းပါးနေကြောင်း စာရေးသူမှ ထင်မြင်ယူဆမိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ယခင်က ၇၀ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၁၅ တွင် ၄၅ ဒသမ ၄ ရာခိုင်နှုန်းသာရှိတော့ကြောင်း EAI အစီရင်ခံစာများအရ သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရမှ ၂၀၀၂ ခုနှစ်အထိ သစ် တောစိုက်ခင်းဧက နှစ်သိန်းကျော် တည်ထောင်နိုင်ခဲ့ပြီး သဘာဝတောကျန် ဧကခြောက်သိန်းကျော်ကို ကာကွယ်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ကမ္ဘာ့မိုးလေဝသ အဖွဲ့ WMO ၏ ထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၁၅ ခုနှစ်သည် စံချိန်သစ်တင် ပူနွေးသောနှစ်တစ်နှစ် ဖြစ်လာမည်ဟု ဖော်ပြခဲ့သည်။ ကမ္ဘာကြီးစံချိန်တင် ပူနွေးလာရခြင်းမှာ အယ်လ်နီညိုရာသီဥတုအားကောင်းလာပြီး လူတို့ စည်းမဲ့ကမ်းမဲ့ သစ်ထုတ်ခြင်းများ၊ သစ်တောပြုန်းတီးမှုများကြောင့် ဖြစ်ရသည်ဟု သတင်းအရင်းအမြစ်များက ဆိုပါသည်။

သစ်ပင်သစ်တောများသည် လူတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသကဲ့သို့ အသက်ရှူရန်လိုအပ်သည့် အောက်စီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ကာ သက်ရှိများကို အန္တရာယ်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူပေးသည်။ ထို့မျှမကသေး။ သစ်ပင်များသည် ရာသီဥတုမျှတရေး၊ မြစ်ချောင်းတမံများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြစ်ချောင်းများ၊ တမံများ တိမ်ကောခြင်းတို့မှ ကာကွယ်ပေးသည်။

၁၉၆၅ ခုနှစ်တွင် တည်ထောင်ခဲ့သော ရွှေကျွန်းတော ကြိုးဝိုင်းမြေမှာ ယခုအခါ နှစ် ၅၀ ကာလသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကာ ယခုအခါ နိုင်ငံတော်အတွက် ဂုဏ်ယူရသည့် ကျွန်းပင်များစုဝေးရာ စံပြသစ်တောကြိုးဝိုင်းအဖြစ်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၏ ကျက်သရေဆောင်တစ်ခုအဖြစ်လည်းကောင်း၊ ထည်ဝါခဲ့ညားစွာ ဆက်လက်တည်တံ့ခိုင်မြဲရေးအတွက် သစ်ပင်သစ်တောကို ချစ်မြတ်နိုးသူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရိတ်သိမ်းခြွေလှေစက်အသုံးပြု၍ မိုးစပါးများရိတ်သိမ်း

တောင်တွင်းကြီး ဒီဇင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြည်ညင်ကျေးရွာရှိ ဆင်းသုခ မျိုးသန့်စံပြစိုက်ခင်း ၁၀ ဧက၌ ရိတ်သိမ်းခြွေလှေစက်အသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ဒီဇင်ဘာလ ၁၂ ရက်က စပါးရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၉၂ တင်းရှိကြောင်း သိရသည်။

ရိတ်သိမ်းခြွေလှေစက်အသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းမှုကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူးဦးသိန်းလွင်ဦးက ရိတ်သိမ်းခြွေလှေစက် အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်း၊ အချိန်မြန်ဆန်စွာပြီးစီး၍ မတ်ပဲ၊ ကုလားပဲ၊ နေကြာစသည့် ဆောင်းသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်ကလည်း ဒေသခံတောင်သူများအနေဖြင့် မိမိတို့ရေမြေသဘာဝနှင့်ကိုက်ညီသော သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်စပါးများကို ရွေးချယ်စိုက်ပျိုးရန်နှင့် မျိုးကောင်းမျိုးသန့်သီးနှံမျိုးစေ့များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်မှာကြား ရယူနိုင်ကြောင်း ဒေသခံတောင်သူများအား ဆွေးနွေးပြောကြားခဲ့သည်။ **(ဝ၂၁)**

ရန်ကုန်-မန္တလေးမီးရထားလမ်းပိုင်း အဆင့်မြှင့်တင်လျက်ရှိ

ဖြူး ဒီဇင်ဘာ ၁၄

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် မီးရထားဖြင့် စီးနင်းသွားလာကြသော ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ရေးနှင့် မီးရထား ခုတ်မောင်းနေစဉ် ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းတို့ဖြစ်ပေါ်ခြင်း မရှိစေရန် မြန်မာ့မီးရထား တိုင်း(၆) နယ်မြေအတွင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲနှင့် ညောင်ခြေထောက်ကြား အစုန်လမ်းပိုင်းကို အထွေထွေမန်နေဂျာ(မြို့ပြ)ဦးတင်စိုး၏ စီစဉ်ညွှန်ကြားမှုအရ အင်ဂျင်နီယာမှူး(မြို့ပြ)ဦးကျော်လင်းနှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတင်မိုးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး လေးချောင်းဆက် သံလမ်းလဲလှယ်ခြင်း၊ Allim စက် ပါကင်ရိုက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်အထိ ခုနစ်မိုင် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်

ကျိုက်ထို ဒီဇင်ဘာ ၁၄

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မွန်ပြည်နယ် သထုံခရိုင် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကျိုက်ထိုမြို့နယ်အပိုင်း၌ ကတ္တရာလမ်းနှင့် တံတားလုပ်ငန်းများ၊ ဘီးလင်းမြို့နယ်အပိုင်း၌ တံတားလုပ်ငန်း၊ ကတ္တရာလမ်းခင်ခြင်းနှင့် မြေသားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများအပြင် သထုံခရိုင်ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်အတူ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းတို့က ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘုရားထောင် အရိုးအိုး

မောင်သာ
(ရှေးဟောင်းသုတေသန)

ပျူခေတ် အဆောက်အအုံများသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်း သရေခေတ္တရာ၌ ယနေ့တိုင်ကျန်ရှိနေရာ စေတီပုထိုးများလည်း အပါအဝင်ဖြစ်သည်။ ယင်းစေတီပုထိုး ဘာသာရေး အဆောက်အအုံများကို ထူပ ခေါ်စေတီလုံးများနှင့် ဂူဘုရားများဟု အကြမ်းအားဖြင့် ခွဲခြားနိုင်သည်။

မြန်မာအဘိဓာန်တွင် ဂူဘုရားကို "ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သောဘုရား" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဂူဘုရားသည် အောက်ပိုင်း၌ ဂန္ဓကုဋိ သို့မဟုတ် လေးထောင့်ကုလားကျောင်းခံကာ အထက်တွင် စေတီလုံး၊ သို့မဟုတ် ပစ္စယာပေါ်တွင် ကွမ်းတောင်ပေါက်ထားသော အဆောက်အအုံဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်းတွင် ဘဲဘဲဂူဘုရား၊ လေးမျက်နှာဂူဘုရား၊ အရှေ့စေးဂူဘုရား၊ အနောက်စေးဂူဘုရား၊ ရဟန္တာဂူဘုရား စသည်ဖြင့် ဂူဘုရားများရှိသည့်အနက် ဘုရားထောင်သည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ ဘုရားထောင်သည် သရေခေတ္တရာမြို့ဟောင်းအတွင်း ဆင်ဖြူကန်ရွာ၏ အရှေ့မြောက်ဘက် ကားလမ်းဘေးတွင်တည်ရှိနေပြီး အေဒီလေးရာစုမှ အေဒီကိုးရာစုအတွင်း ထွန်းကားခဲ့သော သရေခေတ္တရာပျူခေတ်တွင် တည်ထားခဲ့သည့် စေတီတစ်ဆူဖြစ်သည်။ ဘုရားထောင်ကို ပုဂံခေတ်တွင်တည်ထားသည့် အချို့သောဘုရားများကဲ့သို့ပင် ကုလားကျောင်းခံ၍ တည်ဆောက်ထားသည်။ အောက်ခံပန္ဓက်သည် စတုရန်းပုံဖြစ်ကာ အနားတစ်ဘက်လျှင် ၃၈ ပေစီ ရှည်သည်။ ကုလားကျောင်းအမြင့်သည် ၁၈ ပေဖြစ်၍ ဘုရားထောင်၏ မျက်နှာလေးဘက်တွင် မုခ်ပေါက်များရှိခဲ့သော်လည်း ထိုမုခ်ပေါက်များကို အုတ်များစီကာ ပိတ်ထားသည်။

စေတီအတွင်းတွင် လိုဏ်ပတ်လမ်းခံထားသည့် ဘုရားထောင်စေတီ၏ ပစ္စယံပေါ်တွင် ယခင်က အရံစေတီများ ရှိခဲ့သော်လည်း ယခုအခါတွင် မြောက်ဘက်တွင်သာ အရံစေတီသုံးဆူကို မြင်ကြရသည်။

၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘုရားထောင်စေတီအား သန့်ရှင်းရေးဆောင်ရွက်စဉ် ဘုရားအနောက်ဘက်နှင့် တောင်ဘက်တွင် တံတိုင်းရာ မြေကုန်းတန်းနှစ်ခု ထွက်ပေါ်လာခဲ့သည်။ ပျူခေတ် အုတ်အရွယ်အစားထက် အနည်းငယ်သေးငယ်သော အုတ်ရိုးတန်းနှစ်ခုလည်း ထွက်ပေါ်လာခဲ့သည်။

ပါးစပ်ရာဇဝင်များအရ ဘုရားထောင်စေတီကို ဗိုလ်ခြေတစ်ထောင်တည်ခဲ့သည်ဟု ဆိုကြသော်လည်း ဘုရားထောင်စေတီ၏ အလှူရှင်နှင့် တည်ဆောက်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို အတိအကျ မသိရှိရသေးပါချေ။ ဘုရားထောင်စေတီကို ရှေးဟောင်းသုတေသနဌာနက ၁၉၅၈ ခုနှစ်တွင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။

သရေခေတ္တရာ မြို့ဟောင်းဝန်းကျင်တွင် ပျူတိုက်ဟု ခေါ်ဆိုကြသည့် လေးထောင့်စပ်စပ် ကုန်းဟောင်းများရှိသည်။ မြို့ဟောင်းတောင်ဘက်ရှိ ပျူတိုက်များ၏ မြောက်ဘက်တွင် ဗိသ္ဏုဟုခေါ်ကြသည့် လေးထောင့်ပုံ မြို့ကွက်ရာ တစ်ခုရှိသည်။ ထိုနေရာကို ဗိသ္ဏုမိဖုရားနှင့် ဆွေတော်မျိုးတော်များ သချိုင်းဟု အစဉ်အဆက်ခေါ်ခဲ့ကြပြီး သချိုင်းသည် မြို့ဟောင်း၏ အပြင်ဘက်၊ တောင်ဘက်ခြမ်းတွင် ရှေ့နောက်တန်းလျက် စုစုပေါင်းခြောက်လုံးရှိသည်။ ယင်းကျောက်အိုးကြီးများကို တွေ့ရှိခဲ့သောနေရာမှာပင် ထိန်းသိမ်းထားခဲ့ပြီး အရိုးအိုးများဟု ယူဆခဲ့ကြသည်။ အိုးများ၏ ပတ်လည်တွင် စာသားများ မတွေ့ရှိခဲ့ရပါချေ။

ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများအတွင်း သရေခေတ္တရာမှ ကျောက်ထွင်းအိုး ငါးလုံးကို တူးဖော်ရရှိခဲ့ရာ ထိုအိုးများတွင် ပျူစာများရေးထိုးထားသည်ကို တွေ့ရှိခဲ့ကြရသည်။ ပထမကမ္ဘာစစ်မဖြစ်မီ ၁၉၁၁ ခုနှစ်နှင့် ၁၉၁၂ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း၏ အနောက်မြောက်မြို့ရိုး အပြင်ဘက်ရှိ ဘုရားကြီးရှေးဟောင်းစေတီ၏ တောင်ဘက် ကိုက် ၂၀၀ အကွာမှ ကျောက်ထွင်းအိုးလေးလုံးကို တူးဖော်တွေ့ရှိခဲ့သည်။ ယင်းတို့အနက် အကြီးဆုံးကျောက်အိုးသည် ၃ ပေ ၃ လက်မခန့်မြင့်ကာ လုံးပတ် ၇ ပေရှိပြီး အသေးဆုံးအိုးသည် အမြင့် ၂ ပေ ၁၁ လက်မခန့် လုံးပတ် ၅ ပေ ခန့်ရှိသည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသည့် ပျူစာများအနက်မှ အချို့သရေခေတ္တရာမြို့ရိုးအတွင်း၊ မှော်ဇာရွာတောင်ဘက်၊ နန်းတော်ကုန်းအရှေ့ရှိ ဘုရားထောင်စေတီအနီး သရေခေတ္တရာ တူးကွက်အမှတ် (၃၁) မှ ကျောက်အိုးတစ်လုံးကို ထပ်မံရရှိခဲ့သည်။ မြို့ဟောင်းအတွင်း ရွှေကျင်သူများက ထိုအိုးကြီးကိုတွေ့ရှိခဲ့ပြီး ဘုရားအနီးတွင် ထားခဲ့ကြသည်ဟု ယူဆရသည်။ အိုးအတွင်း၌ မည်သည့်ပစ္စည်းများ ထည့်သွင်းမြှုပ်နှံခဲ့သည်ကို မသိနိုင်ခဲ့သော်လည်း ယင်းဘုရားထောင်အိုးကို တွေ့ရှိခဲ့စဉ်က အိုးအတွင်း၌ ဆင်းတုတော် အကျိုးအပဲ့များကို တွေ့ရှိခဲ့ရကြောင်း ဘုရားထောင်အရိုးအိုးကို တွေ့ရှိခဲ့သည့် ဦးကျော်ဦးလွင်(ယခု ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန)က ပြောပြခဲ့သည်။ ဘုရားထောင်အရိုးအိုးဟု အမည်ပေးထားသည့် ယင်းအိုးသည် ယခင်ရရှိထားသော ကျောက်အိုးလေး လုံးထက်ကြီးမားကာ အမြင့် ၁ ဒသမ ၀၇မီတာ(၃ ပေ ၆ လက်မ) နှင့် လုံးပတ် ၂ ဒသမ ၆၄ မီတာ(၈ ပေ ၇ လက်မ) ရှိပြီး ယခင်တွေ့ရှိထားသော ကျောက်အိုးများကဲ့သို့ပင် ထုလုံးရှည်ပုံသဏ္ဌာန် ဖြစ်သည်။

ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြကာ သရေခေတ္တရာတွင် ဝိကြမ မင်းဆက်အုပ်စိုးခဲ့ကြောင်း ဖော်ထုတ်ခဲ့ကြသည်။

သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ထိုဘုရင်များ၏ အမည်များအား ဒေ့ဝမိတြကို နတ်ချစ်သူ၊ ဟရိဝိကြမကို ဗိသ္ဏုနတ်မင်း၏ လက်ရုံး၊ သိဟဝိကြမကို ခြင်္သေ့ကဲ့သို့ ရဲရင့်သူ၊ သူရိယဝိကြမကို နေကဲ့သို့တောက်ပသူ၊ ဗြိ ထူဝိကြမကို အမိနတ်မင်း စောင်မသူ၊ ဇရတြတဝိကြမကို အမျိုးတကာ ထိတ်လန့်သူ၊ အာဒိတျဝိကြမကို နေမျိုးအသရေဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

ဘုရားကြီးမှ တွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသော စာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည် တူညီသော ပျူဘာသာဖြစ်ကြောင်း တွေ့ကြရသည်။ ဦးစွာတွေ့ရှိထားသည့် ကျောက်အိုးလေးလုံးပေါ်တွင် သိဟဝိကြမ၊ သူရိယဝိကြမ၊ ဟရိဝိကြမအမည်များကို တွေ့ရှိခဲ့ရသဖြင့် သရေခေတ္တရာတွင် ဝိကြမ မင်းဆက်အုပ်စိုးခဲ့ကြောင်း အထောက်အထားများ ဖြစ်လာခဲ့သည်။ သို့သော်လည်း ကျောက်အိုးတစ်လုံးစီပေါ်တွင် ဘုရင်တစ်ပါးစီ၏ အမည်ကိုသာ ရေးထွင်းထားသဖြင့် ဘုရင်အမည်များကို ရှေ့နောက်စဉ်ရန် အခက်အခဲကြုံတွေ့ခဲ့ကြရသည်။ ဘုရားထောင်ကျောက်အိုးကို ရရှိသောအခါတွင် အိုးတစ်လုံးတည်းပေါ်တွင် ဘုရင်အမည်များကို ရေးထွင်းထားသဖြင့် မင်းစဉ်ဆက်အတိုင်း ရေးထွင်းထားကြောင်း ယူဆခဲ့ကြသည်။

ဘုရားထောင် အရိုးအိုးပါ ပျူစာများအား သမိုင်းပညာရှင်များဖြစ်ကြသည့် ဆရာကြီးဒေါက်တာသန်းထွန်း၊ ဦးစံဝင်းနှင့် ဦးငြိမ်းမောင်တို့က ဖတ်ခဲ့ကြသည်။ ဘုရားထောင်အရိုးအိုးပါ ပျူသက္ကရာဇ်များကို ခရစ်နှစ်သို့ပြောင်းလဲ၍ ဘုရင်တို့ကွယ်လွန်ခဲ့သည့် ခုနှစ်များကို ဖော်ထုတ်ရာတွင် ဟရိဝိကြမသည် သက်တော် ၅၇ နှစ် ၂ လ ၂၄ ရက်အရွယ် ခရစ်နှစ် ၁၂၀ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ သိဟဝိကြမသည် သက်တော် ၈၀ နှစ် ၂ လ ၄ ရက်အရွယ် ခရစ်နှစ် ၁၂၃ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ သူရိယဝိကြမသည် သက်တော် ၃၅ နှစ်အရွယ် ခရစ်နှစ် ၁၄၃ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ အာဒိတျဝိကြမသည် သက်တော် ၆၄ နှစ်အရွယ် ခရစ်နှစ် ၁၆၃ ခုနှစ်တွင် ကွယ်လွန်ကြောင်း သိရှိရပေသည်။

ဆရာဦးစံဝင်း၏ အလိုအရ ဟရိဝိကြမသည် ခရစ်နှစ် ၃၆၀ ခုနှစ်တွင်လည်းကောင်း၊ သိဟဝိကြမသည် ခရစ်နှစ် ၃၆၃ ခုနှစ်တွင်လည်းကောင်း၊ သူရိယဝိကြမသည် ခရစ်နှစ် ၃၈၃ ခုနှစ်တွင်လည်းကောင်း၊ အာဒိတျဝိကြမသည် ခရစ်နှစ် ၄၀၃ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့သည်ဟု ယူဆသည်။

ဘုရားထောင်ကျောက်အိုးနှင့် မှော်ဇာ၊ ဝက်ခေါင်းကန်ကုန်းမှ ၁၉၂၈ ခုနှစ်တွင် ရရှိခဲ့သော ပျူနှင့် သက္ကတနှစ်ဘာသာရောစပ် ရေးထိုးထားသော ဘုရားကျောက်စာချပ်တို့ကို နှိုင်းယှဉ်ဆက်စပ်ကြည့်ရာတွင် ဘုရင်ဟရိဝိကြမသည် သရေခေတ္တရာကို ၄ ရာစု အလယ်တွင် တည်ထောင်ခဲ့ကြောင်း မှန်းဆနိုင်ခဲ့သည်။

သရေခေတ္တရာကျောက်အိုးများတွင် ပျူစာများကို ရေးထိုးထားပြီး အိုးများကို အလှအပများ မွမ်းမံထားခြင်းမရှိပါချေ။ သို့သော် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က သရေခေတ္တရာမှ တွေ့ရှိခဲ့သော ကျောက်အိုးငယ်တစ်လုံးသည် ပန်းအပြောက်အမွမ်းများဖြင့် လှပစွာခြယ်မှုန်းထားသည်ကို တွေ့ရသည်။ ပညာရှင်များက ယင်းအိုးကို ပျူခေတ်လက်ရာဟု မသတ်မှတ်ကြဘဲ နှောင်းပိုင်းလက်ရာသာဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။ ***စာမျက်နှာ ၁၇ သို့***

ကျောက်အိုးလေးလုံးပေါ်တွင် သိဟဝိကြမ၊ သူရိယဝိကြမ၊ ဟရိဝိကြမ အမည်များကို တွေ့ရှိခဲ့ရသဖြင့် သရေခေတ္တရာတွင် ဝိကြမ မင်းဆက်အုပ်စိုးခဲ့ကြောင်း အထောက်အထားများ ဖြစ်လာခဲ့သည်။ သို့သော်လည်း ကျောက်အိုးတစ်လုံးစီပေါ်တွင် ဘုရင်တစ်ပါးစီ၏ အမည်ကိုသာ ရေးထွင်းထားသဖြင့် ဘုရင်အမည်များကို ရှေ့နောက်စဉ်ရန် အခက်အခဲကြုံတွေ့ခဲ့ကြရသည်။ ဘုရားထောင်ကျောက်အိုးကို ရရှိသောအခါတွင် အိုးတစ်လုံးတည်းပေါ်တွင် ဘုရင်အမည်များကို ရေးထွင်းထားသဖြင့် မင်းစဉ်ဆက်အတိုင်း ရေးထွင်းထားကြောင်း ယူဆခဲ့ကြသည်...

မိုးကုတ်မြို့၌ အသက် ၁၅ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပမည်

မိုးကုတ် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာလအတွင်း လူထုလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် အသက် ၁၅ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ မိုးကုတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဘောလုံးအသင်းများကို အသိပေးခေါ်ယူထားရာ ကျောင်းသားလူငယ်၊ ချမ်းမြေ့လူငယ်၊ Brave Star ၊ မန်ယူ၊ Ever Joker ၊ မင်းတံတား (က)၊ မင်းတံတား(ခ)၊ ပိတ်ဆွယ်၊ Ruby Land King၊ ဘီးတောင်၊ ပရဟိတလူငယ်၊ Ever Star စသည့် ကျောင်းသားလူငယ်အသင်း ၁၂ သင်းက ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့ကြကြောင်း၊ ပြိုင်ပွဲတွင် ပါဝင်မည့် အသင်းများကို ဒီဇင်ဘာ ၁၀ ရက်က မဲနှိုက်၍ အုပ်စုခွဲခဲ့ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းက အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ကာ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၆ ရက် ဗိုလ်လုပွဲကို မြို့နယ်အားကစားကွင်းတွင် ကျင်းပပြီး ဆုများပေးအပ်ခြီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နေဝါ(မိုးကုတ်)

အသင်းမဲခွဲရန်အတွက် အသင်းခေါင်းဆောင်ကျောင်းသားတစ်ဦး မဲနှိုက်နေစဉ်။

ပဲစင်းငုံဈေးကောင်းနေသဖြင့် ပဲစင်းငုံစိုက်ခင်းများ စတင်ခုတ်သိမ်း

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ပဲလုပ်ငန်းရှင်များက ပဲစင်းငုံကို အပြိုင်အဆိုင် ဈေးကောင်းပေးဝယ်ယူလာခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ပဲစင်းငုံစိုက်တောင်သူများအနေဖြင့် မိမိတို့ ပဲစင်းငုံစိုက်ခင်းများကို စတင်ခုတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့ခြင်းကြောင့် ကျေးလက်တောရွာများမှ တောင်သူများစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုအချိန်တွင် သီးနှံများ ရင့်မှည့်ချိန်ဖြစ်ကာ ဈေးကောင်းလည်း ရနေချိန်ဖြစ်၍ စိုက်ခင်းများကို ခုတ်သိမ်းရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေရဲ့ ပဲစင်းငုံသီးနှံတွေ အရင်နှစ်တွေက အထွက်နှုန်းကောင်းခဲ့ပေမဲ့ ဒီနှစ်လို ဈေးကောင်းကောင်းနဲ့မရောင်းရတာ ကြာပါပြီ။ ဒီနှစ်ပဲစင်းငုံဈေးကကောင်းတော့ ကျွန်တော်တို့တောင်သူတွေအတွက် အဆင်ပြေတာပေါ့ဗျာ။ အခုဆိုရင် ကျွန်တော်တို့ရွာကတောင်သူတွေလည်း ပဲစင်းငုံဈေးကောင်းနေတော့ စိုက်ခင်းတွေကို အခင်းပြတ်ခုတ်မရရင်တောင် ရွေးခုတ် ခုတ်ပြီးသိမ်းဆည်းနေကြပါပြီ"ဟု ကျောက်ပန်းတောင်းမြို့နယ် တောင်ဇင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က ကျောက်ပန်းတောင်းမြို့နယ်တွင် ပဲစင်းငုံဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ်နှစ်သောင်းခွဲဝန်းကျင်ခန့်သာရှိခဲ့ပြီး ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ပဲလုပ်ငန်းရှင်များက ယခင်နှစ်ထက် ဈေးကောင်းပေးဝယ်နေကြရာ တစ်တင်းလျှင် ကျပ် ၅၂၀၀၀ မှ ၅၈၀၀၀ အထိ ရှိနေကြောင်း သိရသည်။ ထိုသို့ ဈေးကောင်းပေးဝယ်နေခြင်းများကြောင့် ကျေးလက်ဒေသရှိ တောင်သူများအနေဖြင့် စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် ဈေးကောင်းရနေချိန်တွင် အကျိုးအမြတ်များများရရှိနိုင်ရန်အတွက် သီးနှံများကို စတင်ခုတ်သိမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်

ပခုက္ကူ ဒီဇင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စု၌ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက စပါးအစို ၁၇၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ တောင်သူပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်လွင်က တောင်သူများအနေဖြင့် ရေမှန် မြေမှန် မျိုးမှန် စိုက်နည်းမှန်ကန်သည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရန်၊ နွေစပါးနှင့် မိုးစပါးကို အားထားစိုက်ပျိုးကြသလို မိုးစပါးရိတ်သိမ်းပြီး နွေစပါးစိုက်ပျိုးမည့်ကာလကြားတွင် ပဲအမျိုးမျိုးစိုက်ပျိုးခြင်း၊ မြေပြင်ခြင်းနည်းဖြင့် တောင်သူများအပိုဝင်ငွေရရှိစေမည့် နည်းပညာများနှင့် ပုလဲသွယ်စပ်မျိုးစပါး ဈေးကွက်အခြေအနေများကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှျား ဦးရန်နိုင်ဝင်းက ကူဘိုတာ (DC-706) စက်ဖြင့် စပါးရိတ်သိမ်းခြင်းဖြင့် လုပ်သားရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်ပုံနှင့် အချိန်ကုန်သက်သာခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ ရိတ်သိမ်းစရိတ်သက်သာခြင်း စသော အားသာချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပုလဲသွယ်စပ်မျိုးစပါးသည် အထွက်နှုန်းကောင်းကြောင်းကို စပါးစိုက်တောင်သူများ သိရှိသော်လည်း ယခင်က ဈေးကွက်တွင် အရောင်းအဝယ်အေးသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပါးခဲ့ကြောင်း၊ ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက စပါးဈေးကွက်ပေါက်ဈေးနှင့် ဝယ်ယူသူများကို ချိတ်ဆက်ပေးမှုကြောင့် စပါးစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် စိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)

ကျေးရွာခုနစ်ရွာသို့ အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မည်

နတ်တလင်း ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အနာကြီးရောဂါတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့သည် ဒမင်ယိကျန်းမာရေးဌာနပိုင် ကျေးရွာများဖြစ်သော အုန်းနဲ့ကန်ရွာ၊ ကြာအင်းရွာသစ်၊ ဥယျဉ်စုရွာ၊ ဆီဆုံကုန်းရွာ၊ စောင်းဂုက်(မြောက်)ရွာ၊ ချောင်းခွရွာနှင့် ဖလံပင်ရွာများသို့ ကွင်းဆင်း၍ အနာကြီးရောဂါတိုက်ဖျက်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ နတ်တလင်းမြို့၌ ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည့် အနာကြီးရောဂါတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲမှ သိရသည်။

အဆိုပါဟောပြောပွဲတွင် နတ်တလင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနုက အမှာစကားပြောကြားပြီး နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရီရီခင်နှင့် အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာလတ်သူသူကျော်တို့က အနာကြီးရောဂါကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများအကြောင်း၊ ပြည်သူလူထုနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နတ်တလင်းမြို့နယ်အတွင်း အနာကြီးရောဂါကင်းဝေးရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

တင်မြင့်(နတ်တလင်း)

စာမျက်နှာ ၁၆ မှ

ထိုကျောက်အိုးငယ်သည် အဝရှစ်လက်မ၊ အမြင့်မှာ ရှစ်လက်မခန့်သာ ရှိသည်။ ကျောက်အိုးကို လှပစွာ ထွင်းထုထားသော်လည်း မည်သည့်စာမျှ မပါရှိသည့်အပြင် အဆိုပါ ကျောက်အိုးငယ်သည် သရေခေတ္တရာမှမဖြစ်နိုင်ဘဲ အခြားဒေသတစ်ခုခုမှ ရောက်ရှိလာပုံရကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

ယနေ့အချိန်အထိ သရေခေတ္တရာတစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့ရသည့် ကျောက်ထွင်းအိုးများသည် မြန်မာနိုင်ငံတွင် အခြေချခဲ့ကြသော ပျူလူမျိုးတို့၏ အတိတ်ပုံရိပ်များကို တစ်စိတ်တစ်ပိုင်း ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ပျူတို့နေထိုင်ခဲ့ရာ သရေခေတ္တရာမြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် စတင်သုတေသနပြု တူးဖော်ခဲ့ကြသည်။ ထိုစဉ်က ကျောက်စာဝန်များဖြစ်ကြသည့် မစ္စတာ တော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်စီယာ ဒှုရွိုင်ဇယ်တို့က ရှေးဟောင်းအရိုးအိုးများနှင့် ပတ်သက်၍လည်းကောင်း၊ မစ္စတာ ဘလက်ဒင်က အရိုးအိုးကျောက်စာများနှင့် ပတ်သက်၍လည်းကောင်း၊ ဆရာကြီးဦးသာမြတ်က ပျူအက္ခရာများနှင့် ပတ်သက်၍လည်းကောင်း လေ့လာမှတ်တမ်းပြုခဲ့ကြပြီး ခေတ်အဆက်ဆက် ရှာဖွေတူးဖော်မှုများနှင့် အတူ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိနေကြပေသည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့သည့် ဘုရားထောင်အိုး အပါအဝင် ကျောက်ထွင်းအိုးများသည် အိုးတွင် ရေးထိုးထားသည့် ဘုရင်များ၏ အမည်များနှင့် ကွယ်လွန်ခဲ့သည့် နှစ်များကြောင့် အရိုးအိုးများဟု သတ်မှတ်ခဲ့ကြသည်။ သို့သော်လည်း ယင်းကျောက်အိုးများကို တွေ့ရှိခဲ့ချိန်တွင် ကျောက်အိုးများအတွင်း အရိုးစများ၊ အရိုးပြာများကို မတွေ့ရှိရဘဲ မြေကြီးများကိုသာ တွေ့ရှိခဲ့ရကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။ ထိုမြေကြီးများသည် ကွယ်လွန်သူများ၏ အရိုးပြာများလည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

ထို့အတူ ဘုရားထောင်ကျောက်အိုးကို တွေ့ရှိခဲ့ရစဉ်က အိုးအတွင်းမှ ဆင်းတုတော်အကျိုးများ တွေ့ရှိခဲ့ရသဖြင့် ယင်းအိုးသည် အခြားရည်ရွယ်ချက် တစ်ခုခုအတွက် အသုံးပြုခဲ့သောအိုး ဖြစ်နိုင်ခြေရှိမရှိ စဉ်းစားမိပါသည်။ သရေခေတ္တရာတွင် တွေ့ခဲ့ရသည့် ကျောက်အိုးများအား စေတီများအနီးဝန်းကျင်နေရာများမှသာ တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ကျန်ရစ်သူများက ကွယ်လွန်သူ ဘုရင်များ၏ အမည်များကို ကမ္ဘည်းထိုးထားသော ကျောက်အိုးများ အတွင်း ဘာသာရေးဆိုင်ရာ ဝတ္ထုတစ်ခုခုကိုထည့်သွင်းပြီး စေတီပုထိုးများထံ လှူဒါန်းခဲ့ခြင်း ဖြစ်နိုင်၊ မဖြစ်နိုင်ကို သုတေသနပြုသင့်ပါသေးသည်ဟု ကျွန်တော်ယူဆမိပါသည်။ ။

ကိုးကား

(၁) တ္ဓမ်း၊ ဒွတ္တဘောင် (ဒေါက်တာသန်းထွန်း)

(၂) Dating the Hpayah-taung Pyu Stone Urn Inscription (San Win)

ကျောင်းပေါင်းစုံ ကြက်ခြေနီအသင်းများ စွမ်းရည်ပြိုင်ပွဲကျင်းပ

မြိတ် ဒီဇင်ဘာ ၁၄

မြိတ်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ကျောင်းပေါင်းစုံ ကြက်ခြေနီအသင်းများ စစ်ရေးပြနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့ရာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းလွန်ကျောင်း ၁၄ ကျောင်းမှ ကျောင်းကြက်ခြေနီအသင်းဝင်ကျောင်းသားအဖွဲ့ ၂၆ ဖွဲ့၊ ကျောင်းသူအဖွဲ့ ၂၉ ဖွဲ့ စုစုပေါင်း ၅၅ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှမြင့်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အသင်းခွဲများဖွဲ့ဖြိုးရေးဌာနမှ အကြီးတန်းအရာရှိဦးတင်လင်းထိုက်တို့က အမှာစကား ပြောကြားကာ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) ဦးကြည်တင်က ပြိုင်ပွဲအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းကြက်ခြေနီအဖွဲ့ ၅၅ ဖွဲ့မှ ကျောင်းသား ၃၁၂ ဦးနှင့် ကျောင်းသူ ၃၄၈ ဦးက အခြေခံစစ်ရေးပြပြိုင်ပွဲကို ဦးစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် အရေးပေါ်လူနာအား ရှေးဦးပြုစုနည်းဖြင့်ပြုစုကာ ထမ်းစင်ဖြင့် လူနာသယ်ဆောင်နည်း ပြိုင်ပွဲကို မြိတ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ အမျိုးသားနှစ်ဖွဲ့နှင့် အမျိုးသမီးတစ်ဖွဲ့တို့က ယှဉ်ပြိုင်ခဲ့ကြသည်။ အလားတူ အရေးပေါ်လူနာအား ရှေးဦးပြုစုခြင်းနှင့် ပတ်တီးစွမ်းရည် ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၁၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ဖြန်/ဆက်)**

ပြင်ဦးလွင်၌ ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

ရှမ်းတိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်ကို ပြင်ဦးလွင်မြို့ အနီးစခန်းဖောင်းတောစ်ပြကျေးရွာ၌ တန်ဆောင်မုန်းလကွယ်နေ့ (ဒီဇင်ဘာ ၁၁ ရက်) ညဦးပိုင်းမှစတင်၍ နတ်တော်လဆန်း ၁ ရက် နံနက်မိုးသောက်ချိန်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိရာ ၄၀ ကျော်သည် ရှမ်းတိုင်းရင်းသားတို့နေထိုင်ရာ ကျေးရွာအုပ်စုများဖြစ်သည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ကို ကျေးရွာအုပ်စုများတွင် နှစ်စဉ်အလှည့်ကျကျင်းပလာခဲ့ရာ ယခင်နှစ်များက တောင်ပြို၊ ကုန်းကော်ကျေးရွာတို့တွင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ဖောင်းတောစ်ပြကျေးရွာတွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို ရှမ်းရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ အနုပညာတို့ကို နှစ်စဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ရန်၊ လူမျိုးနှင့် စာပေ စကားတို့ မတိမ်ကော မပယောက်စေရန်နှင့် ဘာသာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုတို့ တိုးတက်မြင့်မားလာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် အလှည့်ကျ ကျေးရွာများ သတ်မှတ်၍ နှစ်စဉ်ကျင်းပနေခြင်းဖြစ်ကြောင်း ကော်မတီဝင် ရှမ်းတိုင်းရင်းသားတစ်ဦးက ပြောသည်။

ယခုနှစ်သစ်သည် ရှမ်းသက္ကရာဇ်အရ ၂၁၁၀ နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်တွင် ရိုးရာယဉ်ကျေးမှု အဆိုအကများ၊ ဝတ်စားဆင်ယင်မှုများ၊ ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့ကာ ပြင်ဦးလွင်မြို့နယ်တစ်ခုလုံးမှ ရှမ်းတိုင်းရင်းသားများ စုပေါင်း၍ ပါဝင်ဆင်နွှဲခဲ့ပြီး ရှမ်းလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုတို့ကို ဖော်ထုတ်ပြသသော ပွဲတော်ကြီးတစ်ခုအဖြစ် စည်ကားစွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

ငွေခြည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း ပြပွဲပြုလုပ်

ပုလဲ ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇေတီယျံကျေးရွာ၌ ငွေခြည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့ထုတ် တောင်သူပညာပေး

စိုက်ကွင်းပြပွဲကို ဒီဇင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

စိုက်ကွင်းပြပွဲတွင် ယင်းမာပင်ခရိုင် စက်မှုသီးနှံဦးစီးဌာနမှျား ဦးမောင်မောင်သန်းက ငွေခြည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ မျိုးသန့်များသည် သီးလုံးပေါက်ပိုးဒဏ်ခံနိုင်ပြီး ဝီဇအရည်အသွေး မကျဆင်းဘဲ ရာသီမရွေး စိုက်ပျိုးနိုင်ကြောင်း၊ ချည်မျှင်ရှည်ဝါကို သိပ်ပွနည်းကျစိုက်ပျိုးနည်း ၁၀ ချက်နှင့် အညီ လိုက်နာစိုက်ပျိုးပါက တစ်ဧကအထွက်နှုန်း ပိဿာချိန် ၁၀၀၀ နှင့် အထက် ထွက်ရှိပြီး သီးနှံအထွက်နှုန်းတိုးတက်လာခြင်းကြောင့် တောင်သူများ၏ စီးပွားရေးတိုးတက်လာနိုင်သည်ကို တောင်သူများသိရှိစေရန်ရည်ရွယ်၍ စိုက်ကွင်းပြပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမာခံစေးကွက်ရှိသည့် ဝါမျိုးသန့်များကို စိုက်ပျိုးမှုမြင့်တက်လာရေးအတွက် တောင်သူများကို ဖိတ်ခေါ်ပြီး စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့သရုပ်ပြ ရှင်းပြပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

စိုက်ကွင်းပြပွဲသို့ ယင်းမာပင်ခရိုင် စက်မှုသီးနှံဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ဒေသခံဝါစိုက်တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ ပုလဲမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ ၈၈၉၅ ဧကာ စိုက်ပျိုးရန်လျာထားပြီး လျာထားဧကထက်ကျော်လွန်၍ ၉၀၈၀ ဧကာအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဗေယျာမြေ)

ခရိုင်ဆရာဝန်ကြီးဦးဆောင်၍ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

ကသာ ဒီဇင်ဘာ ၁၄

စစ်ကိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ခရိုင်ဆရာဝန်ကြီးက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများစုပေါင်းကာ ဒီဇင်ဘာ ၁၂ ရက်က သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏသောင်းဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများက ဆေးရုံဝင်းအတွင်းရှိ အမှိုက်များ၊ ပလတ်စတစ်အိတ်ခွံများ ကောက်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အလှူရှင်များက ကျန်းမာရေးဝန်ထမ်းများအား အကြော်နှင့်ကောက်ညှင်းပေါင်းများကျွေးမွေးခဲ့ကြကြောင်း သိရသည်။

လူအောင်(ကသာ)

ရေဘေးသင့်ခိုင်းနွားများအား ပြန်လည်ဖြည့်ဆည်းပေးခဲ့ခြင်းအတွက် ပိုင်ဆိုင်မှုအထောက်အထားများပေးအပ်ပွဲ တောင်ကုတ်၌ကျင်းပ

တောင်ကုတ် ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလွှမ်းမှုများကြောင့် ကျေးရွာကိုးရွာအတွင်း ခိုင်းနွား ၂၄ ကောင်ဆုံးရှုံးခဲ့ခြင်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ကြီးကြပ်မှုကော်မတီက ငွေကျပ် ၁၂ သန်းတန်ဖိုးရှိခိုင်းနွား ၂၄ ကောင်အား ဒီဇင်ဘာ ၆ ရက်က ဖြန့်ဖြူးပေးခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တောင်ကုတ်မြို့နယ်ရုံး၌ ရေဘေးသင့် တိရစ္ဆာန်ပိုင်ရှင်များအား ပိုင်ဆိုင်မှုအထောက်အထားများ ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပိုင်ဆိုင်မှု အထောက်အထားများကို ကျေးရွာကိုးရွာမှ တောင်သူတစ်ဦးချင်းစီသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အများသုံးမြေသားရေလှောင်ကန် တူးဖော်

ခင်ဦး ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွာသန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အများသုံးမြေသားရေလှောင်ကန်ကို ဒီဇင်ဘာ ၃ ရက်မှ စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေကန်မှာ နှစ်ပေါင်း၀၊်းဆယ်ကျော် တူးဖော်ခြင်းမပြုလုပ်ခဲ့သဖြင့် ရေကန်မှာတိမ်ကောနေသည့်အတွက် အလှားပေ ၂၅၀၊ အနံပေ ၂၅၀၊ အနက်လေးပေရှိ မြေသားရေလှောင်ကန်ကို ငွေကျပ် ၄ ဒသမ ၆၈ သန်းဖြင့် ပြန်လည်တူးဖော်ခြင်းဖြစ်ကာ ပြီးစီးသွားပါက အိမ်ထောင်စု ၁၉၀ မှ လူဦးရေတစ်ထောင်နီးပါးအတွက် သုံးရေလုံလောက်စွာရရှိမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှျား ဒေါ်ချိုချိုနွယ်က ပြောသည်။

ခင်ဦးစိုးဝေ

ကျေးရွာလယ်မြေဌားဂရန်များ ပေးအပ်

ကလေး ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာမှ ဒေသခံပြည်သူများအား ကျေးရွာလယ်ယာမြေဌားဂရန်များကို ကလေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဒီဇင်ဘာ ၁၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လယ်ယာမြေဌားဂရန်များ ပေးအပ်ပွဲကို ဒိုးဝိုင်းချောင်း နှစ်ခြင်းအသင်းတော်ခန်းမတွင် ဒီဇင်ဘာ ၁၁ ရက်က ကျင်းပပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက လယ်ယာမြေဌားဂရန် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ ကလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က မြေဌားဂရန်များ ရရှိထားခြင်းဖြင့် တောင်သူများအတွက်အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က မြေဌား ဂရန် ၁၄၆ စောင်ကို သက်ဆိုင်သူတောင်သူများထံ ပေးအပ်ခဲ့သည်။

ကျွန်စိုး

အသင်းကြီးတွေ စိန်ခေါ်မှုပြင်းထန်မယ့် ကိုပါအီတာလီယာဖလားပွဲ

ကိုပါအီတာလီယာဖလားဘောလုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၁၆ ရက်မှာ ယှဉ်ပြိုင်ကစားရမှာမို့ ဒီတစ်ပတ်ကြားရက်တွေမှာလည်း ပရီသတ်တွေအတွက် ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။ ဒီပွဲစဉ်တွေမှာ မျှော်လင့်ချက်ထားနေတဲ့ အင်တာမီလန်က ကက်ဂလီယာရီအသင်းနဲ့ ဆုံတွေ့ရဖို့ရှိနေသလို ဂျီနိုအာတို့ကလည်း အလက်ဆန်ဒရီးရားနဲ့ ကစားရမှာဆိုတော့ အခက်ခဲတော့မရှိလှပါဘူး။ ဒီပွဲစဉ်တွေမှာတော့ ပွဲကောင်းတွေအဖြစ် ဂျူဗင်တပ်၊ ဖီအိုရင်တီးနား၊ ရိုးမား၊ နာပိုလီအသင်းတွေရဲ့ လွှပ်ရှားရုန်းကန်မှုကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

အင်တာမီလန်နှင့် ကက်ဂလီယာရီ

